# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် ၂၀၂၅ ခုနှစ်၊ မတ် ၃ ရက်၊ တနင်္လာနေ့ အတွဲ (၆၄)၊ အမှတ် (၁၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**


သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း ပြည်တွင်းသတင်း စာ ၃





ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၄) (အခြားသောအသင်းအဖွဲ့များ) ဆောင်းပါး စာ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရေဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့၌ ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားတက်ရောက် ပြည်တွင်းသတင်း စာ ၈




(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အခမ်းအနား ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်ပန်းခြံ၌ ကျင်းပစဉ်။

# ရန်ကုန်တိုင်းဒေသကြီး (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်ပန်းခြံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် (ခေတ္တ)ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သက်ပိုင်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်များမှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် *စာမျက်နှာ ၄ ကော်လံ ၄*

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့သည့်အတွက် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်၍ ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့် အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီ လာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ပထမအကြိမ် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ အတိုး၊ အရင်း လုံးဝ မပေးဆပ်သည့် ကုမ္ပဏီ/ လုပ်ငန်း ၄၈၆ ခုအား ကုမ္ပဏီ/ လုပ်ငန်းအမည်၊ လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ဖြင့် သတင်းစာတွင် ကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**



## ရတနာထက်တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများ စာအုပ်ထွက်ရှိ

**နေပြည်တော် မတ် ၂**

စာရေးသူ ဇင် (ရန်ကုန်တက္ကသိုလ်)၏ စာပေဖြစ်သည့် ရတနာထက် တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

၁၉၉၁ ခုနှစ်ကတည်းက စာပေလောကသို့ ဝင်ရောက်ခဲ့ပြီး မဂ္ဂဇင်း၊ စာစောင်များတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးများနှင့် ဂျပန်ဘာသာပုံပြင်များ၊ အသံလွှင့်ဇာတ်လမ်းများ စသည့် သုတ၊ ရသ စာပေလက်ရာပေါင်း ၄၀၀ ကျော်ကို ရေးသားခဲ့သည့် စာရေးသူက ယခုထုတ်ဝေလိုက်သည့်စာအုပ်တွင် လူ၊ စုန်ဆန်မေတ္တာ၊ မိစုံ၊ ဖစုံနေခွင့်၊ ကြားခွင့်၊ မေတ္တာနှောင်ကြိုး၊ ရတနာထက် တန်ဖိုးရှိသည့်အရာ၊ ထပ်တူညီသော ဘဝပုစ္ဆာ၊ ဘဝကံကြမ္မာ၊ ချစ်ခြင်းဖြင့်သာ၊ လှပသော လက်ချောင်းလေးများ၊ မှုးယစ်နွံ အစရှိသည့် ဆောင်းပါး ၁၁ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ရွှေဝက်ဝံစာပေမှ ထုတ်ဝေလိုက်သည့် အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပြီ ဖြစ်သည်။

**မြန်မာ့အလင်း**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - စိုးစိုးနိုင် | **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းမှူး** | - မြင့်စိုး | **အကြီးတန်း** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | |
| **စာပြင်** | - ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မြန်မာ့အလင်း

# နှစ်နိုင်ငံ အကျိုးစီးပွားမြင့်မားစွာ ဖော်ဆောင်နိုင်မည့် နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ထားသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပခဲ့သည့်(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံရေးရာကိစ္စများကို ဆွေးနွေးခဲ့ရာ မြန်မာနှင့် ရုရှားတို့၏ နှစ်နိုင်ငံဆက်ဆံရေး သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။

ယခုနှစ်သည် ရုရှားနှင့် မြန်မာတို့၏ နှစ်နိုင်ငံသံတမန်ဆက်ဆံမှု ၇၇ နှစ် ပြည့်မြောက်သော စိန်ရတုလွန်ကာလသို့ ရောက်ရှိလာသည့်နှစ်ဖြစ်သည်။ ရုရှားသည် မြန်မာနိုင်ငံနှင့် မိုင်ထောင်ချီဝေးကွာသည့် မိတ်ဆွေရင်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်နိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့်အတူ ကမ္ဘာ့ရေးရာ မျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးခဲ့သူဖြစ်သည်။ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဗလာဒီဗော့စတော့မြို့၌ တွေ့ဆုံဆွေးနွေးရာတွင် ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်က မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ ဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေး နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများစွာကို တွေ့မြင်နေရကြောင်း ပြောကြားခဲ့မှုမှာ အမှတ်ရဖွယ်ရာဖြစ်သကဲ့သို့ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း မြန်မာ- ရုရှား နှစ်နိုင်ငံ ဆက်ဆံရေးကို ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်ဆယ်စုနှစ် နှစ်ခုမှစတင်ကာ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါကြောင်း ဂုဏ်ပြုချီးကျူးခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့မှုမှာလည်း အမှတ်တရပင်ဖြစ်သည်။

ယခုသွားရောက်မည့် နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသအတွင်း အချက်အချာကျသည့်နေရာ၌ တည်ရှိနေပြီး သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ စွမ်းအင်၊ သတ္တု၊ စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်မှု၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းအချက်အလက် နည်းပညာနှင့် ဆက်သွယ်ရေး၊ ဟိုတယ်/ခရီး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ ပြန်ပြည့်မြဲစွမ်းအင် စသည်တို့အပါအဝင် ကဏ္ဍများစွာတို့တွင် နှစ်နိုင်ငံအကျိုးတူ ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများစွာ တို့ရှိနေသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ သွားရောက်မည့် နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေး ခရီးစဉ်သည် ရုရှားနှင့် မြန်မာ နှစ်နိုင်ငံတို့အကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ထပ်လောင်းတိုးမြှင့်ခိုင်မာစေပြီး နှစ်နိုင်ငံလုံး၏ အကျိုးစီးပွားကို အရှိန်အဟုန်မြင့်မားစွာ ဖော်ဆောင်နိုင်မည်ဖြစ်သည်ဟု အခိုင်အမာယုံကြည်ပါကြောင်း။ ။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၄၆ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကားပြန့်ပွားစေရန်အလို့ငှာ သာသနာတော်တွင် ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

| | |
|---|---|
| ၁။ ဒေါ်သန်းသန်းနွယ် | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် |
| ၂။ ဒေါ်ခင်စောနှင်း | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၃။ ဒေါ်ခင်အေးမြင့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၄။ ဒေါ်ထွေးထွေးညွန့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၄၇ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၂။ ဦးသန်းဆွေ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃။ ဦးအောင်သောင်း | အဖွဲ့ခေါင်းဆောင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ |
| ၄။ ဦးအောင်မင်း | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၅။ ဦးသိန်းဇော် | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၆။ ဦးခင်မောင်စိုး | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ |
| ၇။ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ |
| ၈။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) | အတွင်းရေးမှူး(ငြိမ်း) | ငြိမ်းချမ်းရေးကော်မရှင် |
| ၉။ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ညောင်ရွှေခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၂**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ Red Mountain ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့သို့ သွားရောက်ကာ ညောင်ရွှေ-အင်းလေး ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များကို အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ်နိုင်ရန်နှင့် ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးနိုင်ရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍသာမက ဒေသန္တရဗဟုသုတများ၊ ဘာသာစကားနှင့် ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာများကိုပါ ကျွမ်းကျင်မှုရှိစေရန် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရမည် ဖြစ်ပါကြောင်း၊ သတင်းပြန်ကြားရေးကောင်တာတွင် ခရီးသည်များသွားလာလည်ပတ်နိုင်သည့် ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များ၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်စားသောက်ရေး စသည့်အချက်အလက်များ၊ ခရီးစဉ်ဒေသ၏ မြေပုံများနှင့် ခရီးသွားဧည့်သည်များသိသင့်သိထိုက်သည့် အချက်အလက်များကို ပြည့်စုံမှန်ကန်အောင် ဖြည့်တင်းဆောင်ရွက်ထားစေလိုပါကြောင်း မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်းလေးကန်သို့ လာရောက်လည်ပတ်ကြသည့် ခရီးသည်များ အသုံးပြုနိုင်ရန် ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်ထားသည့် စက်လှေဆိပ်အား လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးရေတံခွန်သို့သွားရောက်ကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလည်ပတ်နိုင်ရန်အတွက် ခရီးစဉ်ဒေသအသစ် ဖော်ထုတ်ဆောင်ရွက်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အငြှမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ ကျင်းပ

**ရန်ကုန် မတ် ၂**

အငြှမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများနှင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ပရိတ်တော်၊ သုတ်တော်၊ ဒေသနာတော်များ ပါဠိမြန်မာပြန်စာအုပ်များကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသောဆရာတော်အားလုံးက **"သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ"** အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူ ကြသည်။ ဆက်လက်၍ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးကျင်းပမည့် ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ ၂၀၂၅ ခုနှစ် မတ် ၂၊ ၃၊ ၄ ရက်များအတွက် အစည်းအဝေး အစီအစဉ်များကို လျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်ကြသော ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ၊ ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ၊ တာမွေမြို့နယ် ဒေဝကုန္တရီ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တထေရာနန္ဒ၊ မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာသနနှင့် စလင်းမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတုတို့၏ ဩဝါဒကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ၁၃၈၅ ခုနှစ်၊ တပေါင်းလမှ ၁၃၈၆ ခုနှစ် ယနေ့အထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ ကလည်းကောင်း ဖတ်ကြားတင်သွင်းလျှောက်ထားပြီး မွန်းလွဲပိုင်းတွင် ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင် ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု အမှတ် ၂၄၀ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေဘေးကြောင့် ပျက်စီးသောအိမ်သုံးမီတာများ တပ်ဆင်ပြီးစီး

**သာစည် မတ် ၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရာဂီမုန်တိုင်း အကြွင်းအကျန် တိမ်တိုက်များကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလက မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ကျေးရွာ ၁၄ ရွာရှိ အိမ်သုံးမီတာများ ရေနစ်မြုပ်ခြင်းနှင့် ရေစီးနှင့်မျောပါခြင်းများဖြစ်ကာ ပျက်စီးခဲ့သောအိမ်သုံးမီတာများကို အစားထိုးပြန်လည် တပ်ဆင်ပြီးစီးသဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်သုံးစွဲခွင့်ရရှိပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။



ရေကြီးရေလျှံမှုကြောင့် ကျေးရွာ ၁၄ ရွာရှိ အိမ်သုံးမီတာ ၅၁၄ လုံးနှင့် စီတီမီတာတစ်လုံး ရေနစ်မြုပ်ခဲ့ပြီး အိမ်သုံးမီတာ ၁၃ လုံး ရေစီးနှင့် မျောပါပြီး ပျက်စီးမှုများဖြစ်ပွားခဲ့ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းသို့ ပျက်စီးမီတာများအတွက် အစားထိုးမီတာများ တင်ပြတောင်းခံပြီး ပြန်လည်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သီးနှံရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးငွေပေးအပ်

**သာယာဝတီ မတ် ၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ သီးနှံအာမခံလုပ်ငန်း ရေကြီးနစ်မြုပ် ပျက်စီးခြင်းအတွက် လျော်ကြေးငွေ ပေးအပ်ပွဲကို ကြို့ပင်ကောက်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်သည်။



အခမ်းအနားတွင် ကြို့ပင်ကောက်မြို့နယ်မှ တောင်သူ ၁၄၄ ဦး၏ လယ်မြေ ၁၈၂ ဧက အတွက် လျော်ကြေးငွေကျပ် ၃၅ ဒသမ ၄၆ သန်းကို သာယာဝတီခရိုင် မြန်မာ့အာမခံလုပ်ငန်း တာဝန်ခံက ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်ဇော်(ပြန်/ဆက်)**

## မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး၏ (၁၀၂) ကြိမ်မြောက် ပိဋကတ်တော် လှူဒါန်းပူဇော်

**ရန်ကုန် မတ် ၂**

မြန်မာပြည် ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး(B.B.M.A)၏ (၁၀၂)ကြိမ်မြောက် ပိဋကတ်တော် လှူဒါန်းပူဇော်ပွဲကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ဒဂုံမြို့နယ် စကားဝါလမ်းရှိမင်းကွန်းတိပိဋက နိကာယကျောင်းတော် ရွှေရတုခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် (၁၀၂) ကြိမ်မြောက် ပိဋကတ်တော်ပူဇော်ပွဲအကြောင်း လျှောက်ထားလွှာကို အဂ္ဂမဟာ သီရိသုဓမ္မဇောတိဓဇောတရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် မောင်ရင့်ကျူး (မြောင်းမြ)က လျှောက်ထားပြီး အသင်းကြီး၏ ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများကို အသင်းကြီးမှ နာယကကြီးများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အကျိုးတော်ဆောင်ချုပ်နှင့် အမှုဆောင်များက သင်္ကန်းခြင်း၊ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများအား အလှူရှင်များက သင်္ကန်းခြင်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ ဆက်လက်၍ ပိဋကတ်ထာဝရ ငွေပဒေသာပင် အလှူရှင်များအား အသင်းကြီးက ဂုဏ်ပြုလွှာပေးအပ်ခြင်းနှင့် စာအောင်သံဃာတော် အရှင်သူမြတ်များနှင့် စာအောင်သီလရှင် ဆရာလေးများအား ကျမ်းစာ၊ ကျမ်းစာအုပ်များ၊ လှူဖွယ်ဝတ္ထု ပစ္စည်းများကို အလှူရှင်များက ဆက်ကပ် လှူဒါန်းကြသည်။ **မြင့်မောင်**

○ *ရှေ့ဖုံးမှ*

မြစိမ်းရောင် အသားကဏ္ဍာ ဖော်ဆောင်မှုတို့တွင် ထူးချွန်ဆုရရှိခဲ့သူများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသ ကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများပြပွဲတွင် ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသမဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

သဗ္ဗညုဘုရားရှင်သည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ၄၅ ဝါပတ်လုံး ဟောကြားတော်မူအပ်သော အဆုံးအမသြဝါဒခေါ် သာသနာတော်မြတ်ကြီးသည် အစ၏ကောင်းခြင်း အာဒိကလျာဏဂုဏ်၊ အလယ်၏ ကောင်းခြင်း မဇ္ဈေကလျာဏဂုဏ်၊ အဆုံး၏ ကောင်းခြင်း ပရိယောသာန ကလျာဏဂုဏ်(၃)ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် အလုံးစုံပြည့်စုံခြင်း ကေဝလပရိပုဏ္ဏဂုဏ်၊ အလုံးစုံထက်ဝန်းကျင်စင်ကြယ်ခြင်း ကေဝလပရိသုဒ္ဓဂုဏ်များရှိတော်မူပါသည်ဘုရား။ ထိုကျေးဇူးဂုဏ်ထူးများ ရှိတော်မူသော အဆုံးအမသြဝါဒခေါ် သာသနာတော်မြတ်ကြီးနှင့်ပတ်သက်၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပထမအကြိမ်သက်တမ်းမှ အဋ္ဌမအကြိမ် သက်တမ်းတိုင်အောင် ဆောင်ရွက်ခဲ့ပြီး ၄၅ နှစ် ခရီးစဉ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်ကို သံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်များအားလုံး သိရှိတော်မူကြပြီးဖြစ်ပါသည် ဘုရား။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်များမှာလည်း အဆုံးအမသြဝါဒခေါ် သာသနာတော်မြတ်တည်းဟူသော ဓမ္မဝိနယများနှင့် ညီညွတ်သည်သာမက ယင်းဓမ္မဝိနယတို့နှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာစသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်လာခဲ့ကြခြင်းဖြစ်ပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

အမှန်အားဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရေး ကိစ္စကြီးသည် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဝင် အရှင်မြတ်များအားလုံးနှင့်ဆိုင်သည့် အများဆိုင်လုပ်ငန်းကြီးဖြစ်၍ အားလုံးကပင် ဝိုင်းဝန်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်ပါသည်ဘုရား။ ထိုမျှမက ဘုရားရှင်လက်ထက်တော်က ချီးမြှင့်တော်မူခဲ့သည့် အဓိပ္ပာယ်နှင့် ဖွင့်ဆိုပါက ဘုရားရှင်၏ တပည့်သာဝက ရဟန်း၊ သာမဏေ၊ သီလရှင် ဥပါသကာ၊ ဥပါသိကာမတို့အပါအဝင် ဗုဒ္ဓဘာသာဝင်တိုင်း၏ စုပေါင်းအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ကြီးတစ်ရပ်ဟု ဆိုနိုင်ပါသည်ဘုရား။ ထိုသို့ စုပေါင်းညီညာ ဆောင်ရွက်ကြမှသာလျှင် အရှင်မဟာကဿပမဟာထေရ်မြတ်ကြီး၏ ဦးတည်ချက်လည်း အောင်မြင်နိုင်မည် ဖြစ်ပါသည်ဘုရား။ ထိုဦးတည်ချက်နှင့်ပတ်သက်၍ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ စာမျက်နှာ ၂၆ ၌

**"ဣဒံ မဟာကဿပတ္ထေရေန ဒသဗလဿ သာသနံ**
**ပဉ္စဝဿ သဟဿပရိမာဏကာလံ ပဝတ္တန သမတ္ထံ ကတံ၊**

ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် သဗ္ဗညုဘုရားရှင်၏ ဤသာသနာတော်မြတ်ကို အနှစ်ငါးထောင်အတိုင်းအရှည်ရှိသော ကာလပတ်လုံး ဖြစ်ထွန်းတည်တံ့စေခြင်းငှာ စွမ်းနိုင်ခြင်းကို ပြုခဲ့လေပြီ" ဟူသော ဦးတည်ချက်ကို တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဝင်များအနေဖြင့် စုပေါင်းညီညာ ဆောင်ရွက်နိုင်မှသာလျှင် ဖြည့်ဆည်းနိုင်ကြမည်ဖြစ်ပြီး အနာဂတ်သာသနာတော်ကြီးသည်လည်း လျှောက်ထားခဲ့ပြီးသည့် ကေဝလပရိပုဏ္ဏဂုဏ်၊ ကေဝလပရိသုဒ္ဓဂုဏ်များနှင့် ပြည့်စုံနိုင်မည်ဖြစ်ပါသည်ဘုရား။


ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ပထမအကြိမ် သက်တမ်းမှ အဋ္ဌမအကြိမ်သက်တမ်းပြည့်ကာ နဝမအကြိမ် သက်တမ်းသို့ ဝင်ရောက်လာပြီဖြစ်၍ အတွေ့အကြုံများ ရင့်ကျက်ပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည် ဘုရား။ သာသနာတော်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရန် ဦးတည်ချက် သက်သက်ဖြင့် ဆောင်ရွက်ရသည်ကို အဖွဲ့ဝင်ဆရာတော်တို့ သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။ ထိုသို့ ဆောင်ရွက်ကြရာတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဆောင်ရွက်ချက်များအပေါ်၌ အောင်မြင်မှု၊ အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု စသည်များကို ကာလသုံးပါးကို မျှော်ရှု၍ ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။ အောင်မြင်သော ဆောင်ရွက်ချက်အပေါ်၌သာ ဂုဏ်ယူနေပြီး အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု စသည်များကိုမူ လျစ်လျူရှု၍ မနေသင့်ကြောင်း သတိပြုကြစေလိုပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်မြတ်များသည် ဘုရားရှင်၏ တပည့်သား သံဃာတော်များဖြစ်ကြသည့်အားလျော်စွာ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်များကို ဖြည့်ကျင့်တော်မူကြသော သုပ္ပဋိပ္ပန္နပုဂ္ဂိုလ်မြတ်များလည်း ဖြစ်ကြပါသည်ဘုရား။ ထိုသို့ ဖြည့်ကျင့်ကြသော ဘုရားရှင်၏ တပည့်သား သံဃာတော်များ မျက်မှောက်ခေတ်တွင် ရှိနေကြခြင်းကြောင့် သာသနာတော်မြတ်ကြီးလည်း ကေဝလပရိပုဏ္ဏ ကေဝလပရိသုဒ္ဓ ဖြစ်တော်မူပြီး ယနေ့တိုင်အောင် တည်တံ့နေခြင်းဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သိက္ခာသုံးရပ်အကျင့်မြတ်ကို ဖြည့်ကျင့်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အချို့သော ရဟန်းသာမဏေတို့သည် အလေးအမြတ်ထားတော်မမူဘဲ သမဏသာရုပ္ပမဖြစ်သော ဌာနနေရာတို့၌ မအပ်မရာဖြစ်သော အမှုကိစ္စများကို ဆောင်ရွက်နေကြသဖြင့် သာသနာတော်၏ ဘုန်းကျက်သရေတန်ခိုးတော်လည်း ညစ်နွမ်းညှိုးမှိန်စေပါသည်ဘုရား။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၄၅ ၊ ၄၆ ၌ သီလသိက္ခာ ဖြည့်ကျင့်ခြင်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားရာ လိုရင်းအဓိပ္ပာယ်သဘောအနေဖြင့် ဖော်ပြပါအတိုင်း လျှောက်ထားလိုပါသည်ဘုရား-

- **သီလသိက္ခာပြည့်စုံပြီး ပရိယတ်မပြည့်စုံသူကို ချီးမွမ်းအပ်၏။**
- **သီလသိက္ခာမပြည့်စုံ ပရိယတ်ပြည့်စုံသူကို ကဲ့ရဲ့အပ်၏။**
- **သီလသိက္ခာနှင့်ပရိယတ်(၂)ပါးစုံ မပြည့်စုံသူကို ကဲ့ရဲ့အပ်၏။**
- **သီလသိက္ခာနှင့်ပရိယတ်(၂)ပါး ပြည့်စုံသူကို ရွှေစင်တုံးကဲ့သို့ လူ သာမက နတ်ဗြဟ္မာများပင် ချီးမွမ်းအပ်ကုန်၏။**

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

အထက်ပါ ဒေသနာတော်အရ သီလသိက္ခာနှင့်ပြည့်စုံမှုသည် ပဓာန အဓိကဖြစ်ကြောင်း သိရှိရသကဲ့သို့ ထိုထက်ပဓာနကျလိုပါက သီလသိက္ခာနှင့် ပရိယတ် (၂)ပါးစုံ ပြည့်စုံရန် လိုအပ်မည်ဖြစ်ပါသည် ဘုရား။ ထို့ကြောင့် တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရှိ သံဃာ့အဖွဲ့အစည်းဝင်အားလုံးတို့သည် မိမိတို့အတွက် အဓိကကျသော သီလသိက္ခာကို အလေးအမြတ်ထား ဖြည့်ကျင့်တော်မူကြလျှင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းစဉ်ကြီးအတွက် အထူးကြောင့်ကြ စိုက်ဖွယ်မရှိသည့်အပြင် **" အပ္ပသန္နာနံ ဝါ ပသာဒါယ၊ ပသန္နာနံ ဝါ ဘိယျောဘာဝါယ"** ဒေသနာတော်အတိုင်း မကြည်ညိုသေးသူများ ကြည်ညိုလာပြီး ကြည်ညိုပြီးသူများပို၍ ကြည်ညိုလာကြမည်ဖြစ်ပါသည်ဘုရား။ ထိုကြည်ညိုလာမှုသည်ပင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး၏ အဓိကအကြောင်းရင်း ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးအပါအဝင် ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့အဆင့်ဆင့်တို့သည် မြတ်စွာဘုရားရှင်၏ အဆုံးအမ သာသနာတော်မြတ်ကြီး ကေဝလပရိပုဏ္ဏ၊ ကေဝလပရိသုဒ္ဓဂုဏ်တော်များနှင့် ပြည့်စုံစေရန် စွမ်းအားရှိသမျှ ကြိုးစားအားထုတ်ရမည့် အဖွဲ့များ ဖြစ်ပါသည်ဘုရား။ ခေတ်ကာလအားလျော်စွာ တိုးတက်လာသော အသစ်အသစ်သော လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်စေမူ၍ အားနည်းချက်၊ အားသာချက်များကို စေ့ငုဝေဖန်ကာ မြတ်ဗုဒ္ဓ၏ အဆုံးအမ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် သတိပြုဆောင်ရွက်ကြရမည် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်ပါ၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် မိမိတို့အပေါ် ကျရောက်လာသည့် တာဝန်အသီးသီးနှင့်စပ်လျဉ်း၍ **"ငါ့အား သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခွင့်ပေးခြင်းဖြစ်ပေသည်"** ဟု သဘောထားတော်မူကြပြီး သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိကို စောင်းကြိုးညှိသကဲ့သို့ ညီအောင်ညှိ၍ ဆောင်ရွက်တော်မူကြပါဟု လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

## ပုဇွန်တောင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က အမှတ်(၁၀) ရပ်ကွက် မြို့နယ်ပညာရေးမှူးရုံးရှိ တေဇခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်(၁၀)ရပ်ကွက်မှ အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၅၀ တို့၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဟန်စုယဉ်**

## မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာရန် နိုင်းလက်ဝှေ့ကလပ်ဖွင့်

ရန်ကုန် မတ် ၂

မျိုးဆက်သစ် ကစားသမားများ ပေါ်ထွက်လာရန် နိုင်းလက်ဝှေ့ကလပ် (NINE LETHWEI CLUB) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်ခြောက်လွှာ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးကျော်ဇင်ဦးနှင့် အမှုဆောင်များ၊ အထက်မြန်မာပြည် ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသန့်ကိုဝင်း၊ နိုင်းလက်ဝှေ့ကလပ်တည်ထောင်သူ ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ၊ လက်ဝှေ့ ချန်ပီယံဟောင်းများ၊ လက်ဝှေ့ကလပ်များမှ နည်းပြများ တက်ရောက်ကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရိုးရာလက်ဝှေ့ သုံးပွဲ၊ ကစ်ဘောက်ဆင်နှစ်ပွဲ၊ MMA တစ်ပွဲ ပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။(**အောက်ပုံ**)

"ကျွန်တော်တို့ နိုဗိုတယ်ဟိုတယ်မှာ မြန်မာ့ရိုးရာ လက်ဝှေ့အားကစားကို ကျွမ်းကျင်တဲ့ ဝါရင့်နည်းပြတွေနဲ့ နည်းစနစ်တကျ သင်ယူလေ့ကျင့်ချင်တယ်ဆိုရင် ဒီကို လာရောက်စေချင်တယ်။ ဒါကြောင့် ရိုးရာလက်ဝှေ့ထွန်းပေါက်စေတဲ့ ဆန္ဒနဲ့ဒီမှာ မျိုးဆက်သစ်တွေ မွေးထုတ်ရန်အတွက် တည်ထောင်ရတာ ဖြစ်ပါတယ်" ဟု နိုင်းလက်ဝှေ့ကလပ်မှ ဦးကျော်ဇေယျက ပြောသည်။ မြန်မာနိုင်ငံအတွင်း ရိုးရာလက်ဝှေ့ကလပ်ပေါင်း ၁၀၀ ခန့်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၄)
## (အခြားသောအသင်းအဖွဲ့များ)

မြင့်စိုး(နတလ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းပြခန်း၌ ထုတ်ကုန်ပစ္စည်းများကို စိတ်ဝင်တစားကြည့်ရှုစဉ်။ (၁၀-၂-၂၀၂၅)

နှလုံးလှလူသားများ ခေါင်းစဉ်အောက်မှာ MSME ဆောင်းပါးများ ရေးနေရင်းက "မိုခါ" ကို သတိရစရာတွေ ပေါ်လာပြန်ပါသည်။ **"မိုခါ"မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ** ခေါင်းစဉ်ဖြင့် ဂုဏ်ပြုဆောင်းပါးများ ရေးခဲ့စဉ်က ဝန်ကြီးဌာန (၁၃) ခုနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့အတွက် တစ်ပုဒ်စီ သီးခြားဖော်ပြပေးခဲ့ပါသည်။

သို့သော် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ကဲ့သို့ပင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များကလည်း အားကြိုးမာန်တက် ပါဝင်ခဲ့ကြပါသည်။ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများအပြင် ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များကလည်း ငွေနှင့် ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး (ဗဟို)၊ ဟာသပညာရှင်များအစည်းအရုံးတို့မှ အနုပညာရှင်များက ပဒေသာကပွဲမှရရှိသော အလှူငွေ၊ ဘောလုံးပြိုင်ပွဲများမှ ရရှိသော အလှူငွေတို့ကို စစ်တွေမြို့အထိ လာရောက်ပေးအပ်လှူဒါန်းပြီး ဖျော်ဖြေရေးအစီအစဉ်များပါ ပြုလုပ်သွားကြသေး၏။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ခါတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်စစ်သမီးများကလည်း လာရောက်ဖျော်ဖြေပြီး စိတ်ခွန်အား မြှင့်တင်ပေးကြသည်။

ထို့ပြင် တဝ ဝန်ထမ်းများထဲမှ အလုပ်လုပ်ရင်း ကွယ်လွန်သွားသူ၊ နေပူမရှောင် မိုးရွာမရှောင် တက်တက်ကြွကြွ လုပ်ကိုင်နေသူများကို တွေ့မြင်ခဲ့ရသဖြင့် သူတို့အားလုံးကို ရည်ညွှန်း၍ **"မိုခါမုန်တိုင်းကြားက နှလုံးလှလူသားများ"** ခေါင်းစဉ်အောက်မှာ ရေးသားဂုဏ်ပြုပေးခဲ့ပါသည်။

ယခုလည်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြုပြခန်းများ၊ အသင်းအဖွဲ့များ၊ စုစုပေါင်း ၉၆ ခန်းရှိပေရာ ဝန်ကြီးဌာနအားလုံး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းအားလုံး၊ အသင်းအဖွဲ့အားလုံးကို တစ်ခုချင်းစီ တစ်ဖွဲ့ချင်းစီ ဂုဏ်ပြုရေးသားဖို့ရာ အခက်အခဲရှိပါသည်။ သို့ဖြစ်၍ **"အခြားသောအသင်းအဖွဲ့များ"** ခေါင်းစဉ်အောက်မှာ ရေးသားခွင့်ပြုတော်မူကြပါကုန်။ အချိန်ကာလနှင့် အကြောင်းမညီညွတ်၍ ကျွန်တော့်ရေးသား ဖော်ပြမှုတွင် မပါဝင်ခဲ့လျှင်လည်း နားလည်ခွင့်လွှတ်ပေးတော် မူကြပါကုန်။

### တိုင်းရင်းဆေးပြခန်း

စင်စစ် တိုင်းရင်းဆေးဆိုသည့် ဝေါဟာရသည် ကျွန်တော်နှင့် သိပ်မစိမ်းခဲ့ပါ။ ၁၉၇၆ ခုနှစ် ကျွန်တော် ဆယ်တန်းအောင်ချိန်မှာ ကျွန်တော်၏ ဇာတိ လေးမျက်နှာမြို့က အစ်ကိုတော် တစ်ယောက်နှင့် ရန်ကုန်မှ အစ်မတော်တစ်ယောက်တို့က တိုင်းရင်းဆေးသိပ္ပံ (မန္တလေး) မှာ တက်ရောက်သင်ကြားနေကြပေပြီ။ ထိုနှစ်ယောက်အနက် အစ်ကိုတော်က တိုင်းရင်းဆေးသမားတော်ကြီး အဝေရာဦးသိန်းဝင်း အမည်ဖြင့် နိုင်ငံကျော်ခဲ့သည်။

ပုသိမ်မြို့ရှိ သူ၏ အဝေရာဆေးတိုက်မှ တိုင်းရင်းဆေးမျိုးစုံ ထုတ်လုပ်၍ ရောဂါရှင်များကို ယနေ့ချိန်အထိ ကုသပေးလျက်ရှိပါသည်။ မကြာမီက ကျင်းပပြုလုပ်ပြီးစီးသွားခဲ့သော ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးတွင် တိုင်းရင်းဆေးပြခန်းကိုပါ တွေ့မြင်လိုက်ရသော အခါ တိုင်းရင်းဆေးသိပ္ပံ(မန္တလေး)ကို ပြေး၍ သတိရမိသည်။ အဆိုပါကျောင်းကို ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ တိုင်းရင်းဆေးသိပ္ပံနှင့်တွဲ၍ ၂၅ ခုတင်ဆံ့ သင်ကြားရေးဆေးရုံကိုလည်း ၁၉၇၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ဖွင့်လှစ်၍ အထောက်အကူပြုပရဆေးဥယျာဉ်နှင့် ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးရေးဌာနခွဲတစ်ခုကိုပါ ဖွင့်လှစ်ပေးခဲ့ကြောင်း လေ့လာသိရှိရသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနကို ၁၉၈၉ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်၌ ဖွဲ့စည်းပေးခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ဦးစီးဌာနကြီးအဖြစ် အဆင့်မြှင့်တင် တိုးချဲ့ဖွဲ့စည်းပေးခဲ့သလို တိုင်းရင်းဆေးသိပ္ပံ (မန္တလေး)သည် ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဟူ၍ ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ ၁၉၉၈-၉၉ ခုနှစ်မှ စ၍ အထက်မြန်မာပြည်ရှိ တိုင်းရင်းဆေးရုံကြီးများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများအတွက် ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးပေးရန် စက်ရုံပေါ်ပေါက်လာခဲ့ကာ လက်ရှိတိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ(မန္တလေး)ကိုမူ ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းစက်ရုံမှ ထုတ်လုပ်ခဲ့သော တိုင်းရင်းဆေးဝါးများကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ သုံးရုံ၊ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ ကိုးရုံ၊ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၃ ရုံ၊ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၂၄ ရုံ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနပေါင်း ၂၁၀ တို့သို့ ဖြန့်ဖြူးပေးလျက်ရှိသည်။ တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ (မန္တလေး) တည်ဆောက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်သူ့ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးရာတွင် အဓိက လိုအပ်ချက်ဖြစ်သော တိုင်းရင်းဆေးဝါးများကို ဖော်စပ်ထုတ်လုပ်ပေးရန်၊

(ခ) အစွမ်းအာနိသင် ထက်မြက်သော တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြု၍ အရည်အသွေးပြည့်ဝပြီး အရေအတွက်လျာထားချက် ပြည့်မီအောင် ထုတ်လုပ်ရန်၊

(ဂ) တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုပ်လုပ်ရာတွင် နိုင်ငံတကာအဆင့်မီ နည်းမှန်ထုတ်လုပ်မှု ကျင့်စဉ်များနှင့်အညီ ထုတ်လုပ်ရန်၊

(ဃ) တန်ဖိုးမြင့်မား၍ ဘေးထွက်ဆိုးကျိုးများသော နိုင်ငံခြားဆေးများနေရာတွင် တန်ဖိုးနည်း၍ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုတ်လုပ်ရန်။

### နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်-

**"တိုင်းရင်းဆေးကုန်ကြမ်းတွေကို အခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေးဝါးတွေရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း MSME တွေကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပံ့ပိုးလျက်ရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီး MSME လုပ်ငန်းတွေကို အိမ်တွင်းစက်မှုလုပ်ငန်းသာ မဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်မှသည် ပြည်ပပို့ကုန်အထိ ဖြစ်စေရေးအတွက်**

*စာမျက်နှာ ၇ သို့*




မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းပြခန်းတွင် ပြသထားသည့် တိုင်းရင်းဆေးများကို တွေ့ရစဉ်။ (၁၀-၂-၂၀၂၅)





ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ ကျန်းမာရေးဝန်ကြီးဌာနပြခန်းတွင် ပြသထားသော တိုင်းရင်းဆေးပညာဦးစီးဌာနပြကွက်။

*စာမျက်နှာ ၆ မှ*

**တိုင်းရင်းဆေးဝါးတွေကို အရည်အသွေး မြှင့်တင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေးကို အထောက်အပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။”**

**တိုင်းရင်းဆေး၏အောင်မြင်မှု (သို့မဟုတ်) ဝိသမအဖျားပျောက်ဆေး**

ကမ္ဘာ့ကပ်ရောဂါဆိုးကြီးဖြစ်သော ကိုဗစ်ကပ်ရောဂါ၏ဒဏ်ကို မြန်မာပြည်သူ ပြည်သားများလည်း အလူးအလဲခံစားခဲ့ကြရသည်။ ဆုံးရှုံးမှုများပြားခဲ့သည်။ တစ်ကိုယ်ရည် ကျန်းမာရေးအသိမြင့်မားတိုးတက်လာမှုနှင့်အတူ စုပေါင်းအားကို ရယူကာ ညီညီညွတ်ညွတ်တွန်းလှန်၍ ကာကွယ်ခဲ့ကြရသည်။ ဤအခြေအနေဆိုးကြီး ကြုံရချိန်တွင် ကာကွယ်ဆေးများ မပေါ်ပေါက်မီ ပုံမှန်သုံးစွဲနေသည့် အကိုက်အခဲပျောက်ဆေးများပင် ပြတ်လပ်မှုများနှင့် ရင်ဆိုင်ခဲ့ကြရသည်။ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးအနေဖြင့် ဆေးခါးကြီးကို အခြေခံလျက် ကာကွယ်ဆေးနှင့် ကုသဆေးတို့ ထုတ်လုပ်ရေး ဆောင်ရွက်သွားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) တွင် လမ်းညွှန်မိန့်ကြားခဲ့သည်။

ယင်းလမ်းညွှန်ချက်အရ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။ သုတေသနအဆိုပြုလွှာကို စနစ်တကျရေးသားပြုစု၍ သုတေသနကျင့်ဝတ်ကော်မတီသို့ အဆင့်လိုက်တင်ပြပြီး ခွင့်ပြုချက်ရယူကာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

**ဝိသမအဖျားပျောက်ဆေးတွင် ပါဝင်ပစ္စည်းများ**

အောက်ဖော်ပြပါပစ္စည်းများ ပါဝင်ပါသည်-

(က) ဆေးခါးကြီး (Andrographis paniculata)

(ခ) ဆင်တုံးမနွယ် (Tinospora cordifolia)

(ဂ) နံ့သာဖြူ (Santalum album L.)

(ဃ) ချင်း (Zingiber officinale Roscoe)

**အဆင့်ဆင့်ဆောင်ရွက်ခဲ့ရသော သုတေသနလုပ်ငန်းများ**

သုတေသနအဆင့် (၁)အရ ပါဝင်ဆေးပစ္စည်းများဖြင့် စမ်းသပ်ဖော်စပ်ပြီး ဆေးဝါးအရည်အသွေးကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးခဲ့သည်။ ဆက်လက်၍ သုတေသနအဆင့် (၂) လုပ်ငန်းများဖြစ်သော ဝိသမအဖျားပျောက်ဆေး၏ လတ်တလောအဆိပ်အာနိသင်(Acute toxicity)အား ဓာတ်ခွဲခန်းတိရစ္ဆာန်များပေါ်တွင် စမ်းသပ်လေ့လာခြင်း၊ ရေတိုအဆိပ်အာနိသင် (Sub acute toxicity)အား စမ်းသပ်လေ့လာခြင်း၊ လူအန္တရာယ်ကင်းစွာ အသုံးပြုနိုင်မည့် ဆေးချိန်ပမာဏ သတ်မှတ်ခြင်း၊ သုတေသနရလဒ်များအား ကျန်းမာရေးဝန်ကြီးဌာနနှင့် သုတေသနကျင့်ဝတ်ကော်မတီသို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

သုတေသနအဆင့် (၃) လုပ်ငန်းများမှာ ဝိသမအဖျားပျောက်ဆေး၏ အန္တရာယ်ကင်းရှင်းမှုနှင့် ဆေးအပေါ် ခံနိုင်ရည်ရှိမှုတို့ကို ကျန်းမာသန်စွမ်းသူများနှင့် စမ်းသပ်ခြင်းဖြစ်ပါသည်။ သုတေသနအဆင့်(၄)လုပ်ငန်းစဉ်များမှာ ဝိသမအဖျားပျောက်ဆေး၏ အကျိုးထိရောက်မှုအား ကိုဗစ်-၁၉ ရောဂါအတည်ပြု သာမန်လက္ခဏာရှိ လူနာများတွင် စမ်းသပ်၍ ရလဒ်များ ဖော်ထုတ်ခြင်းဖြစ်ပါသည်။

**အကျိုးကျေးဇူးနှင့်ရလဒ်များ**

တိုက်ကျွေးနိုင်သော ဆေးပမာဏကို တိကျစွာသိရှိဖော်ထုတ်နိုင်ခြင်း၊ ကိုဗစ်ရောဂါ လက္ခဏာများ သက်သာပျောက်ကင်းစေခြင်း၊ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ခြင်း စသည့် သုတေသနရလဒ်ကောင်းများ ရရှိခဲ့ပါသည်။ ထိုသို့ရရှိခဲ့သော သုတေသနရလဒ်နှင့် လုပ်ငန်းပြီးစီးမှုအစီရင်ခံစာအား ကျန်းမာရေးဝန်ကြီးဌာနနှင့် သုတေသနကျင့်ဝတ်ကော်မတီသို့ တင်ပြခဲ့သည်။ တစ်ဆက်တည်းမှာပင် သုတေသနရလဒ်များ ကောင်းမွန်ပြီး အကျိုးကျေးဇူးရှိသည့်အတွက် တိုင်းရင်းဆေးဝါးစက်ရုံမှ ထုတ်လုပ်ရန် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်လျှောက်ထား၍ ခွင့်ပြုချက်ရယူခဲ့သည်။

သုတေသနအဆင့်ဆင့်ပြုလုပ်ပြီး ပထမဦးဆုံးထုတ်လုပ်ခဲ့သည့် တိုင်းရင်းဆေးဝါး တစ်လက်ဖြစ်သော ဝိသမအဖျားပျောက်ဆေးကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကု ဌာနများသို့ ၂၀၂၃ ခုနှစ်ဖေဖော်ဝါရီလမှစ၍ ဖြန့်ဝေပို့ဆောင်ပေးကြောင်း သိရသည်။ ၎င်းဆေးသည် ကိုဗစ်-၁၉ ရောဂါသာမက အအေးမိနှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ အသံဝင်ခြင်း၊ သလိပ်ကပ်ခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းအုံခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲဖျားနာခြင်း၊ ရာသီဖျား တုပ်ကွေးဖျားရောဂါများကို သက်သာပျောက်ကင်းစေပြီး လူနာဦးရေ ၁၀၇၉၀ ကို ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

> **ယနေ့ခေတ် တွေ့မြင်နေရသော တိုင်းရင်းဆေးအဖုံဖုံတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ဖော်စပ်ခဲ့သော တော်ဝင်နန်းသုံးဆေးစွမ်းကောင်းများ ပါဝင်နေသလို တိမ်မြုပ်ပျောက်ကွယ်လုဆဲဆဲ ဆေးနည်းများလည်း ရှိနေသဖြင့် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အထူးလိုအပ်**

**တိုင်းရင်းဆေးပညာဦးစီးဌာနက သင်တန်းများပို့ချပေးမှု**

တိုင်းရင်းဆေးဆိုင်ရာ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များကို တိုင်းရင်းဆေးပညာဦးစီးဌာနက သင်တန်းများ ပို့ချပေးလျက်ရှိရာ အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice-GMP) သင်တန်း ခြောက်ကြိမ်၊ အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်မာရေးဖြည့်စွက်စာဆိုင်ရာ အရည်အသွေးထိန်းသိမ်းခြင်း၊ တည်မြဲမှုနှင့်သက်တမ်း၊ ဆေးညွှန်းဖော်ပြချက်ဆိုင်ရာများ လေ့လာခြင်း (Quality Control, Stability & Shelf-life, Labeling Requirements and Claims Benefits for TM/HS) သင်တန်း နှစ်ကြိမ်၊ ISO 9001 (2015) အသိပညာပေးသင်တန်း လေးကြိမ်၊ မူပိုင်ခွင့်အကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကျင်းပပေးခြင်း တစ်ကြိမ်တို့ ဖြစ်ပါသည်။

GMP ရရှိထားပြီးဖြစ်သော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ နှစ်ရုံမှာ Fame Pharmaceuticals Laboratory၊ ဦးသာရင်နှင့် လွင်မြင့်အောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးတို့ဖြစ်သည်။ ISO ရပြီးသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ ခုနစ်ရုံမှာ Fame၊ ဦးသာရင်နှင့် လွင်မြင့်အောင်၊ ကေသီပန်၊ မှန်ချို၊ မောရိယ၊ စကြာမင်း၊ ရုပ်ပျို တိုင်းရင်းဆေးတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**ဈေးကွက်အတွင်းရောင်းချနေသော တိုင်းရင်းဆေးဝါးကို စစ်ဆေးခြင်း**

တိုင်းရင်းဆေးပညာဦးစီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် ဈေးကွက်အတွင်း ရောင်းချနေသော တိုင်းရင်းဆေးဝါးများအား Pre-market နှင့် Post-market surveillance စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။ ဈေးကွက်တွင် တိုင်းရင်းဆေးဝါးဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊ စံမညီ တိုင်းရင်းဆေးဝါး (တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသောတိုင်းရင်းဆေးဝါး)၊ အနောက်တိုင်းဆေးများ ရောနှောထားသော တိုင်းရင်းဆေးဝါးများကို စိစစ်တွေ့ရှိရပါက အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် နှိုးဆော်ချက်ထုတ်ပြန်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ဆက်လက်၍ သတင်းပေးပို့ဆောင်ရွက်ခြင်းများကို ပြုလုပ်၍ ထိန်းသိမ်းကြပ်မတ်လျက် ရှိပါသည်။

**တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(အသစ်) လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်း**

တိုင်းရင်းဆေးဝါး မှတ်ပုံတင်နံပါတ်ရရှိပြီးပါက တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လိုင်စင် (အသစ်) လျှောက်ထားရမည်ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တိုင်းရင်းဆေးပညာဦးစီးဌာန Website လိပ်စာ www.dtm.gov.mm တွင် အခမဲ့ download ရယူနိုင်ပါသည်။ လျှောက်လွှာရရှိပြီးပါက မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများမှ ထောက်ခံချက်အဆင့်ဆင့်ရယူပြီး တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ် (၄၇) နေပြည်တော်၏ ဆေးဝါးမှတ်ပုံတင်ဌာနစိတ်သို့ လာရောက်ဆက်သွယ်၍ ဆောင်ရွက်ရပါမည်။

တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်သက်တမ်း သုံးနှစ်ပြည့်ပြီးပါကလည်း လိုင်စင်သက်တမ်းတိုး လျှောက်ထားကြရမည်ဖြစ်သည်။

**ဂုဏ်ယူဝမ်းမြောက်မိပါသည်**

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးသမားတော်ကြီးများကို ကိုယ်စားပြုလျက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးတွင် တိုင်းရင်းဆေးပြခန်းကို ပါဝင်ပြသနိုင်ခြင်းသည် များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။

ယနေ့ခေတ် တွေ့မြင်နေရသော တိုင်းရင်းဆေးအဖုံဖုံတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ဖော်စပ်ခဲ့သော တော်ဝင်နန်းသုံးဆေးစွမ်းကောင်းများ ပါဝင်နေသလို တိမ်မြုပ်ပျောက်ကွယ်လုဆဲဆဲ ဆေးနည်းများလည်း ရှိနေသဖြင့် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အထူးလိုအပ်လှပါသည်။ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးအတွက် ဂုဏ်ယူမြတ်နိုးဖွယ်ရာ တိုင်းရင်းဆေးများဖြင့် ထာဝစဉ်ရှင်သန်ရပ်တည် အကျိုးပြုနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလျက်...။

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရေဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့၌ ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများ တောင်သူလယ်သမားနေ့အခမ်းအနား မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ပုသိမ် မတ် ၂

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တောင်သူလယ်သမားနေ့အခမ်းအနား မုခ်ဦးဆိုင်းဘုတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စိုက်ပျိုးပြသထားသည့် အိမ်ခြံဝင်း ဟင်းခင်းပဒေသာ (Home Garden)၊ သစ်သီးဝလံပန်းမန်ဥယျာဉ်ကို လှည့်လည်ကြည့်ရှု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ လာရောက်လေ့လာသည့် ရုရှားသံရုံးမှ တာဝန်ရှိသူတစ်ဦး၊ RUMA ORGANIC ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးတို့နှင့် တွေ့ဆုံပြီး ရုရှားရွက်ဖျန်းမြေဩဇာနှင့် ရုရှားနေကြာမျိုးများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးသည်။

ယင်းနောက် သဘာဝအပင် အာဟာရဆေးရည်များ၊ သဘာဝပိုးသတ်ဆေးများ၊ ပင်ကြား ၉ လက်မ၊ တန်းကြား ၂ ဒသမ ၅ ပေ စိုက်ပျိုးထားသည့် Super Sun–41 နေကြာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် မြောင်းမြပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများ၏ ကျေးလက်ရိုးရာအက၊ တူယှဉ်နွဲပျော် ဂီတပွဲတော် Winner ဆုရှင် မဇင်သူသူထွန်း၏ တောင်သူလယ်သမားနေ့ ဂုဏ်ပြုတေးသီချင်း၊ မြောင်းမြခရိုင် ကရင်တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်းမှ ကရင်ရိုးရာအက၊ တူယှဉ်နွဲပျော် ဂီတပွဲတော် Winner ဆုရှင် မောင်စိုးထက်အောင်တို့၏ တေးသီများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စိုက်ပျိုးမွေးမြူရေး ထူးချွန်ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ထူးချွန်ဆုရတောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ပြခန်းများနှင့် လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွားကောက်စိုက်စက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် တောင်သူများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာအတူတကွ သုံးဆောင်ကြကာ ပညာအလင်္ကာတေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုရတောင်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲ Real Live Show ပြသမှုများကို တက်ရောက်အားပေးပြီး စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယနေ့ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသည့် သီးနှံစုံစိုက်ခင်းများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွား ကောက်စိုက်စက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းများ စိုက်ပျိုးပြသထားရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ဖွံ့ဖြိုးရေးသုတေသန ပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၅၁ ခန်း ဖွင့်လှစ်ပြသထားရှိကာ ပြခန်းများနှင့် ဆွေးနွေးပွဲများကို ယခုလ လေးရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမ၌ စက်မှုပူးပေါင်း ဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုကျွမ်းကျင် သင်တန်းများ ဖွင့်လှစ်ခဲ့မှု၊ သင်တန်းကျောင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ သင်တန်းဖွင့်လှစ်ရန် စီမံထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုကျွမ်းကျင် သင်တန်းများအား နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဖွင့်လှစ်ရန်၊ သင်တန်းကျောင်း



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)အား ကြည့်ရှုစစ်ဆေးစဉ်။

အနေဖြင့် ဒေသ၌ ဆောင်ရွက်နေသည့် စက်မှုလုပ်ငန်းများနှင့် ကိုက်ညီသည့် ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြား မွေးထုတ်ခဲ့သော သင်တန်းသားများသည် နိုင်ငံပိုင်စက်ရုံ/ အလုပ်ရုံများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နေသည့် MSME များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ကြမည်ဖြစ်၍ အမှန်တကယ် တတ်မြောက် ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးရန်၊ လေ့ကျင့်သင်ကြားပေးနေသည့် ဘာသာရပ်အသီးသီး၏ သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်၍ ခေတ်နှင့်လျော်ညီမှုရှိအောင် ပြင်ဆင်ရေးဆွဲရန်၊ နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စက်မှုလက်မှု ကျွမ်းကျင်လုပ်သားများ လေ့ကျင့် မွေးထုတ်နိုင်ရေးကို အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုကျွမ်းကျင် တစ်နှစ် သင်တန်းဖွင့်လှစ်ရန် စာသင်ခန်းမများ ပြင်ဆင်ထားရှိမှုနှင့် သင်ထောက်ကူစက်ပစ္စည်း ကိရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မတ် ၃ ရက်၌ အများအားဖြင့် သာယာမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားဖလင်မော်ကွန်းတိုက် တည်ဆောက်မည့်မြေနေရာနှင့် ရုပ်ရှင်ဖလင်များအား ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းဆောင်ရွက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရေးရာလေ့လာရေးအဖွဲ့နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့တို့မှ အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။

**ရန်ကုန် မတ် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့်အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ဖလင်မော်ကွန်းတိုက်ရှိ ရုပ်ရှင်ဇာတ်ကားများအား ဖလင်မှဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ကမ္ဘာအေးစေတီလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့်ရှိ အမျိုးသား ဖလင်မော်ကွန်းပြတိုက် တည်ဆောက်ရန် လျာထားသည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

**မီးမောင်းထိုးပြ**

ရှေးဦးစွာ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလင်မော်ကွန်းတိုက် အဆောက်အအုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့်က မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများအား ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ဖလင်များနှင့် သတင်းမှတ်တမ်းကားများမှာ မြန်မာနိုင်ငံ၏ သမိုင်းယဉ်ကျေးမှုနှင့် ပုံရိပ်များအား မီးမောင်းထိုးပြနေသည့် အရာများဖြစ်သည့်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ အသက်ဝိညာဉ်ဖြစ်သကဲ့သို့ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု သမိုင်းလည်းဖြစ်ကြောင်း၊ ယခင်က ယင်းဖလင်များကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲထိန်းသိမ်းနိုင်မှုမရှိခဲ့ခြင်းကြောင့် အချို့သော ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများ ပျောက်ဆုံးပျက်စီးခဲ့ရသည်ကို စိတ်မကောင်းဖွယ် တွေ့ရပါကြောင်း။

မိမိတို့ တာဝန်ယူချိန်မှစ၍ ဖလင်သန့်စင်စက်များ၊ ဖလင် Scanner စက်များကို ဝယ်ယူပေးခဲ့ပြီး ဖလင်မှ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ရုပ်ရှင်ဇာတ်ကားအချို့နှင့် သတင်းမှတ်တမ်းကားအချို့ကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းထားနိုင်ခဲ့ပြီး သတ်မှတ်ထားသည့် အရည်အသွေးများအတိုင်း စနစ်တကျ ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ဖလင်မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိသည့် ဖြူ/မည်း ရုပ်ရှင်ဇာတ်ကား ၁၂ ကားနှင့် ဆေးရောင်စုံဇာတ်ကား ၁၅၄ ကား၊ သတင်းမှတ်တမ်းကား၂၇၈၁ကားကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာအဆင့်မီ အမျိုးသားဖလင်မော်ကွန်းတိုက်ကြီးတစ်ခု တည်ဆောက်၍ စနစ်တကျထိန်းသိမ်းနိုင်ရန် ရည်မှန်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သက်တမ်းနှစ်(၁၀၀)ခန့်ရှိသည့် မော်ကွန်းရုပ်ရှင် အဆောက်အအုံအား ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည့် ရုပ်ရှင်ပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကမ္ဘာအေးစေတီလမ်း အုတ်ပုံဆိပ်လမ်းထောင့်ရှိ အမျိုးသားဖလင်မော်ကွန်းတိုက် တည်ဆောက်ရန် လျာထားသည့်မြေနေရာနှင့် ဆောက်လုပ်မည့်အစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ မြန်မာ့ရေးရာလေ့လာရေးအဖွဲ့နှင့် မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) တို့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးရာတွင် မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့က စီစဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာရေးရာ၊ ကမ္ဘာရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အကြောင်းအရာများ၊ နည်းပညာရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဥပဒေဆိုင်ရာအကြောင်းအရာများကို ထည့်သွင်း၍ ကဏ္ဍစုံအောင် ဖော်ပြပေးနေသည်ကို တွေ့ရပါကြောင်း၊ ၎င်းစာအုပ်များအား ပိုမိုကောင်းမွန်ပြည့်စုံစေရန် စီစဉ်ထုတ်ဝေရမည်ဖြစ်ပြီး ကျယ်ပြန့်စွာ ဖြန့်ဝေနိုင်ရန် ဆောင်ရွက်စေလိုကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများကို ကမ္ဘာသို့ ပျံ့နှံ့ရောက်ရှိစေရေးနှင့် ပြောင်းလဲနေသည့် ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များပေါ်တွင် ပြောင်းလဲလိုက်ပါ ဆောင်ရွက်နိုင်ရေးအတွက် **"မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့"** ကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ယခုအခါ သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပြီး ကိုယ့်လမ်းကြောင်းနှင့်ကိုယ် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်နှင့် နိုင်ငံအတွင်း သာမက ပြည်ပသို့ပါ ထိုးဖောက်ဆောင်ရွက်၍ ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လတွင် နိုင်ငံတကာပညာရှင်များပါဝင်သည့် ဖိုရမ်ကြီးတစ်ခုကျင်းပကာ နိုင်ငံ့ပုံရိပ်မြှင့်တင်ရေးနှင့် ၂၀၂၅ ခုနှစ်တွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆွေးနွေးရှာဖွေကြမည် ဖြစ်ပါကြောင်း၊ ယင်းဖိုရမ်တွင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများကိုဖော်ပြရင်း နိုင်ငံတကာမှ မိမိတို့နိုင်ငံအပေါ် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများရရှိရန် မျှော်မှန်းရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများက မကြာမီကျင်းပမည့် **"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"** ခေါင်းစဉ်ဖြင့်ကျင်းပမည့် ဖိုရမ်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဝင်းဇေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ လမ်းအသုံးပြုခကောက်ခံသည့်တိုးဂိတ်များ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဇေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း) ရှိ စီလမ်းဆုံ တိုးဂိတ်၊ တောင်ငူမီနီတိုးဂိတ်၊ အုတ်တွင်းမီနီတိုးဂိတ်၊ ၁၁၅မိုင် (ဖြူး) တိုးဂိတ်၊ ဒရယ်မီးမီနီတိုးဂိတ်၊ ဘောနတ်ကြီး မီနီတိုးဂိတ်၊ အမှတ်(၃) တိုးဂိတ်တို့၏ လမ်းအသုံးပြုခကောက်ခံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တိုးဂိတ်များတွင် တပ်ဆင်ထားသည့် CCTV ကင်မရာများ၊ ကွန်ပျူတာများ ချွတ်ယွင်းပျက်စီးမှုမရှိစေရေးနှင့် လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရေး စီမံဆောင်ရွက်ရန်၊ တိုးဂိတ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်၊ လမ်းအသုံးပြုခကောက်ခံရာတွင် CCTV၊ ကွန်ပျူတာစနစ်ဖြင့်သာ ဆောင်ရွက်ရန်၊ လမ်းအသုံးပြုခ ကောက်ခံရရှိငွေများ လေလွင့် ပျောက်ဆုံးမှုမရှိစေရေး၊ တိုးဂိတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ရန်၊ ကောက်ခံရရှိမှုစာရင်းဇယားများ ရေးသွင်းရာတွင် ရုံးချုပ်မှ သတ်မှတ်ထားသည့် ပုံစံအတိုင်းရေးသွင်းရေး တာဝန်ရှိသူများက အလေးထား ကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် တိုးဂိတ်အလိုက် တာဝန်ရှိသူများက ဒုတိယဝန်ကြီးအား တိုးဂိတ်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားရှိမှု၊ CCTV ကင်မရာ၊ ကွန်ပျူတာစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် ကောက်ခံရရှိငွေများ စာရင်းရေးသွင်းထားရှိမှုအခြေအနေများကို စာရင်းဇယားများနှင့်တကွ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရှွေဟွားစိုက်ပျိုးရေးနှင့် သမဝါယမအသင်းလီမိတက်က ဒေသကြက်များ မွေးမြူထားရှိ

**ပေါင်းတည် မတ် ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ရွှေဟွားစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က သမဝါယမ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းအသားစားသုံးမှုဖူလုံစေရေးအတွက် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်သန်း ၈၀ ရယူ၍ ဒေသကြက်ကောင်ရေ ၉၀၅၀ ကို မွေးမြူထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ Full-Scale Aircraft Emergency Exercises ပြုလုပ်ခြင်းကို တံတားဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူအောင်နှင့်တပ်ဖွဲ့ဝင်များက မီးသတ်ရေယာဉ်များဖြင့် မတ် ၂ ရက်တွင် ပူးပေါင်းဆောင်ရွက်စဉ်။ ရဲတင့်(ပြန်/ဆက်)

# စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာရှိ ကယ်ဆယ်ရေးစခန်း မီးလောင်ကျွမ်းခဲ့မှုအား ပြန်လည်ထူထောင်ရေး၊ ယာယီနေရာချထားရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှု လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ ယမန်နေ့ နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်သုံးစီး၊ တပ်မတော်ရေသယ်ယာဉ်တစ်စီးတို့နှင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ခေါင်းဒုက္ကာကျေးရွာ ကယ်ဆယ်ရေးစခန်းမှ အလျား ၄၅ ပေ၊ အနံ ၁၈ ပေ(သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း)အဆောင် ၃၄ ဆောင်ရှိ အလျား ၁၁ ပေ၊ အနံ ၉ ပေ (သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း) အခန်း ၂၇၂ ခန်း မီးလောင်ကျွမ်းခဲ့သဖြင့် အိမ်ထောင်စု ၃၁၄ စုနှင့် လူဦးရေ ၂၁၄၉ ဦးတို့ မီးဘေးသင့်ခဲ့ရသည်။

ထိုသို့ မီးလောင်မှုဖြစ်ပွားခဲ့သည့် ခေါင်းဒုက္ကာကျေးရွာ ကယ်ဆယ်ရေးစခန်း မီးလောင်ပြင်နေရာသို့ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့က တာဝန်ရှိသူများ





နှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မီးလောင်မှုကြောင့် ပျက်စီးမှုများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာသားများက ဝိုင်းဝန်းရှင်းလင်းဖယ်ရှားနေမှု၊ မီးဘေးသင့်အိမ်ထောင်စုဝင်များအတွက် ယာယီနေထိုင်နိုင်ရန် ရွက်ဖျင်တဲများဆောင်ရွက်နေမှု၊ သောက်သုံးရေများဖြန့်ဝေနေမှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၆ မျိုးပါဝင်သည့် ပုံးတစ်ပုံးနှုန်းဖြင့် လူသုံးကုန်ပစ္စည်းပုံး ၃၁၄ ပုံး ထောက်ပံ့ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ/ရပ်ဖများနှင့်တွေ့ဆုံ၍ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်နေသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်္ဂပူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားကျင်းပ

**အင်္ဂပူ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားဆောင်ရွက်မှု အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အေးပပစိုးရီက မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှု ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နော်သိန်းသိန်းနွဲ့က ဆေးဖက်ဝင်သနပ်ခါးအကြောင်းကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား သနပ်ခါးများ လိမ်းပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်တိုင်းရင်းဆေးမှူး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



## ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာဟောပြော

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆင့်ခေါ်ရေး၊ မဲနှိုက်စနစ်ဖြင့် ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာစွာနှင့် မျှတမှုရှိစေရေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် ငွေကြေး ကောက်ခံမှုမရှိစေရေး အလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် အမရပူရခရိုင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

○ *ကျောဖုံးမှ*

ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများကို စနစ်တကျစာရင်းကောက်ယူခြင်း လုပ်ငန်းအား နေ့ချင်းပြီး ဆောင်ရွက်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၃၄၇၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၁၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**သတင်းစဉ်**




**တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦးကို ထပ်မံထိန်းသိမ်းထားစဉ်။**

# ပဲခူးမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပဲခူး မတ် ၂**

ပဲခူးမြို့ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ပုညာယျစေတီတော်မြတ်ကြီးအနီး၌ ယနေ့ နံနက်ပိုင်းက ၂၀၂၅ ခုနှစ် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် အုတ်ဖိုမြို့နယ်မှ တောင်သူ ဦးတင်ရွှေ(**အပေါ်ယာပုံ**)၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် ပေါင်းတည်မြို့နယ်မှ တောင်သူ ဦးစိန်ထွန်း၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်ခရိုင် ပထမဆုရရှိသည့် နတ်တလင်းခရိုင်၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်မြို့နယ် ပထမဆုရရှိသည့် ပေါင်းတည်မြို့နယ်နှင့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ပြခန်းပထမဆုရရှိသည့် တောင်ငူခရိုင်တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်နှင့် အတွင်းရေးမှူးတို့က မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ ချည်မျှင်ရှည်ဝါနှင့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရ တောင်သူများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ဒုတိယ၊ တတိယဆုရရှိသည့် ထူးချွန်ခရိုင်/မြို့နယ်ဆုများ၊ အထူးဆုရရှိသည့် မြို့နယ်များ၊ ပေါင်းတည်မြို့နယ်နှင့် (၆၃)နှစ်မြောက် တောင်သူ




လယ်သမားနေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ပြခန်းဒုတိယဆုရရှိသည့် ပြည်ခရိုင်၊ တတိယဆုရရှိသည့် ပဲခူးခရိုင်နှင့် ပြခန်းအထူးဆုရရှိသည့် ခရိုင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး တောင်သူအသိပညာပေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထားဝယ်မြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပ



**ထားဝယ် မတ် ၂**

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားပြီး မိုးစပါးပန်းတိုင်အထွက်နှုန်းအများဆုံး ပထမဆုရရှိသည့် မြိတ်မြို့နယ် သဘွတ်ကျေးရွာမှ အကျိုးဆောင်တောင်သူဦးအေးမင်း၊ ဆောင်းသီးနှံ(မတ်ပဲ)တိုးချဲ့စိုက်ပျိုးမှု အကောင်းဆုံးပထမဆုရရှိသည့် လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးလွင်နှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြုလက်မှတ် ပထမဆုရရှိသည့် မြိတ်မြို့နယ်မှ အကျိုးဆောင်တောင်သူ ဦးချမ်းအေးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးထွန်းနှင့် အဖွဲ့ဝင်များက မိုးစပါးပန်းတိုင်အထွက်နှုန်းအများဆုံး၊ ဆောင်းသီးနှံ(မတ်ပဲ)တိုးချဲ့စိုက်ပျိုးမှုအကောင်းဆုံး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) အသိအမှတ်ပြုလက်မှတ် ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အကျိုးဆောင်တောင်သူများက ခင်းကျင်းပြသထားသည့် ပြခန်း ၁၈ ခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ပဲပုပ်သီးထပ်စိုက်ပျိုးမှုမြှင့်တင်ခြင်း ကွင်းသရုပ်ပြသ

**မိုင်းဖြတ် မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲမျိုးစုံ သီးနှံသုတေသနဌာနစုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု



အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲပုပ်သီးထပ်စိုက်ပျိုးခြင်း စီမံကိန်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်က နမ့်ကုန်းကျေးရွာအုပ်စု ဟောင်ဟင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကျိုင်းတုံမြို့စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ဒေါ်ယဉ်ယဉ်မာက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စပါးသီးနှံရိတ်သိမ်းအပြီး ပဲပုပ်သီးထပ် စိုက်ပျိုးမှုမြှင့်တင်ခြင်း စီမံကိန်းအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။ ထို့နောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်လွင်က မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

မိုင်းဖြတ်မြို့နယ်၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တောညူ၊ အိုက်ငို့၊ နမ့်လန်းနှင့် နမ့်ကုန်းကျေးရွာအုပ်စုတို့တွင် တောင်သူ ၂၄ ဦး၏ မိုးစပါး စိုက်ပျိုးရိတ်သိမ်းပြီး လယ်မြေဧက ၅၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၏ ညွှန်ကြားချက်နှင့်အညီ ယနေ့နံနက်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်းအတွင်း (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား ကျင်းပရာ အခမ်းအနားတက်ရောက်လာသည့် ပြည်သူများကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၏ ကြီးကြပ်မှုဖြင့် ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် အမျိုးသမီးတပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတိမူရေးလက်ကမ်းစာစောင်များ၊ LPG Gas မီးဘေးသတိမူရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

JJJ



*❊ ကျောဖုံးမှ*

တရစပ်တိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။

ပလိုင်းမောက်အသင်းသည် ပွဲချိန်တစ်လျှောက်တွင် မန်စီးတီးအသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု တစ်ကြိမ်သာရှိခဲ့သည်။ ထို့ပြင် ပလိုင်းမောက်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုနှင့် ကြုံတွေ့ခဲ့ရသည်။

မန်စီးတီးအသင်းက ပလိုင်းမောက်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု ၂၉ ကြိမ်အထိရှိခဲ့သည်။ မန်စီးတီးအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေး ၁၀ ကြိမ် ဖန်တီးနိုင်ခဲ့သော်လည်း ခုနစ်ကြိမ်လွဲချော်ခဲ့သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ရေလီနှင့် ဒီဘရိုင်းတို့က သွင်းယူပေးခဲ့သည်။ ပလိုင်းမောက်အသင်းအတွက် ချေပဂိုးကို တဲလ်ဗီယာရော့ဗ်က သွင်းယူပေးခဲ့သည်။

အက်ဖ်အေဖလားပြိုင်ပွဲ ပဥ္စမအဆင့်မှ အခြားပွဲစဉ်ရလဒ်များတွင် ခရစ္စတယ်ပဲလေ့စ်က မီဝေါကို သုံးဂိုး- တစ်ဂိုး၊ ပရက်စတန်က ဘန်လေကို သုံးဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ကြသည်။ ဘုန်းမောက်နှင့် ဝုဖ်အသင်း ပွဲစဉ်တွင် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေခဲ့သည့်အတွက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာ ဘုန်းမောက်အသင်းက ငါးဂိုး – လေးဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

# ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်း၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့မုခ်ဦးဖွင့်ပွဲ၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂**

၂၀၂၅ ခုနှစ် (၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်း၌ ယနေ့နံနက်ပိုင်းတွင် မုခ်ဦးဖွင့်ပွဲ၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သီးနှံစိုက်စွမ်းအား ထူးချွန်ဆုရရှိသော ခရိုင်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသော မြို့နယ်များအား ထူးချွန်ဆုတံဆိပ်၊ ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး



နှင့် တာဝန်ရှိသူများသည် ကွင်းအတွင်း၌ ခင်းကျင်းပြသထားသော (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စိုက်ပျိုးရေးဦးစီးဌာနပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားနှင့် တောင်သူနှီးနှောဖလှယ်ပွဲ ကျင်းပ

**တောင်ကြီး မတ် ၂**

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားနှင့် တောင်သူနှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော တောင်သူလယ်သမားနေ့သဝဏ်လွှာအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများသည် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်း ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ခမ်းကော်ဖီအုပ်စုအဖွဲ့နှင့် ဟိုပုံးမြို့နယ် မဲနယ်တောင် ကော်ဖီအုပ်စုအဖွဲ့အား ပြည်နယ်ဝန်ကြီးချုပ်က ကော်ဖီစေ့လှော်စက်ပေးအပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နည်းပညာနှီးနှောဖလှယ်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်မြေစာရင်းဦးစီးဌာန၊ ပြည်နယ်မြေအသုံးချရေး၊ ပြည်နယ်သီးနှံကာကွယ်ရေး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မိုင်းအင်၊ ဟဲဟိုး၊ နမ့်လတ်ဥယျာဉ်ခြံတာဝန်ခံများက ထောပတ်၊ ရှုရှားအာလူး၊ ကော်ဖီ၊ လက်ဖက်၊ သရက်စိုက်ပျိုးထုတ်လုပ်မှုများ အသီးသီးဆွေးနွေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တောင်သူလယ်သမားဦးကြီးများ၏ စွမ်းဆောင်မှုကို ဂုဏ်ပြုမြှင့်တင်ပေးသောအားဖြင့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ မတ် ၂**

တောင်သူလယ်သမား ဦးကြီးများ၏စွမ်းဆောင်မှုကို ဂုဏ်ပြုမြှင့်တင်ပေးသောအားဖြင့် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော တောင်သူလယ်သမားနေ့ သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း သီးနှံစိုက်စွမ်းအားထူးချွန်ဆု၊ မိုးစပါးသီးနှံ၊ အစေ့ထုတ်ပြောင်းသီးနှံ၊ မြေပဲသီးနှံ၊ နှမ်းသီးနှံ၊ ပဲတီစိမ်းသီးနှံ၊ မတ်ပဲသီးနှံ၊ ပဲပုပ်သီးနှံ၊ ကြံသီးနှံနှင့် ဟင်းသီးဟင်းရွက်ထူးချွန်တောင်သူများ၊ နွားမွေးမြူရေး၊ ဥစားကြက်မွေးမြူရေး၊ အသားတိုးကြက်မွေးမြူရေး၊ အသားတိုးဝက်မွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ ဘဲမွေးမြူရေး လုပ်ငန်းများတွင် မွေးမြူရေး ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြရာ စိုက်ပျိုးရေးထူးချွန်ဆုရရှိသူတစ်ဦးနှင့် မွေးမြူရေးထူးချွန်ဆုရရှိသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်နှင့် အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မွန်ပြည်နယ် တရားလွှတ်တော်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် မတ် ၂**

မွန်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဖေဖော်ဝါရီလက ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ/ ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က ကျင်းပသည်။



**အလေးထားလိုက်နာ**

ထပ်ဆင့် ရှင်းလင်းပွဲတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးက (၂၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားသည့် တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များ၊ အမှုများကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြန့်ကြာမှုမရှိစေရေး အမြန်ဆုံး စစ်ဆေးဆောင်ရွက်ရန်၊ နိုင်ငံတော်၏ မူဝါဒနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ မှာကြားချက်များအပေါ် အလေးထားလိုက်နာ ဆောင်ရွက်ကြရန် မှာကြားသည်။

**ထပ်ဆင့်မှာကြား**

ဆက်လက်၍ မွန်ပြည်နယ် တရားလွှတ်တော် တရားရေးဦးစီးမှူး ဒေါ်ခိုင်ခိုင်မျိုးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ထပ်ဆင့်မှာကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘဏ္ဍာနှစ်သစ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံရရှိရန် ဘရူနိုင်း မျှော်မှန်း

**ဘန်ဒါဆီရီဘီဂါဝန် မတ် ၂**

ဘရူနိုင်းအစိုးရ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဝင်ငွေသည် ဘရူနိုင်းဒေါ်လာ ၃ ဒသမ ၂၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂ ဘီလီယံ) နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ဘရူနိုင်း ဒေါ်လာ ၂ ဒသမ ၄၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံ) ရရှိရန် မျှော်မှန်းထားကြောင်း အစိုးရဝန်ကြီးတစ်ဦးက မတ် ၁ ရက်တွင် ပြောကြားသည်။

ဘဏ္ဍာနှစ်သစ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့မဟုတ်သောကဏ္ဍမှဝင်ငွေသည် ဘရူနိုင်းဒေါ်လာ ၈၀၂ ဒသမ ၂၄ သန်း (ဒေါ်လာ ၅၉၅ ဒသမ ၄၆ သန်း) ခန့် ရရှိမည်ဟုခန့်မှန်းကြောင်း ဘရူနိုင်းဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးရာ ဒုတိယဝန်ကြီး ဟာဂျီမွတ်အာဇင်လီယူအဗ္ဗဒူလာက ဥပဒေပြုကောင်စီ ဘတ်ဂျက်ရေးရာညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှ စတင်မည့် ဘဏ္ဍာနှစ်သစ်အတွက် ဘရူနိုင်းနိုင်ငံတော် ဘတ်ဂျက်ဒေါ်လာ ၆ ဒသမ ၃၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၁ ဘီလီယံ) ကို အစိုးရက အဆိုပြုထားပြီး ဘတ်ဂျက်အသစ်တွင် ဦးစားပေးလုပ်ငန်းသုံးရပ်မှာ ပြည်သူ့ကျန်းမာရေးကို ထိန်းသိမ်းရန်၊ ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းများ တိုးပွားလာစေရန်နှင့်တက်ကြွပြီး အမြော်အမြင်ရှိသော လူသားအရင်းအနှီးများ တည်ဆောက်ရေးတို့ဖြစ်သည်။

ဘရူနိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၄ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့ပြီး ၁၉၉၉ ခုနှစ်နောက်ပိုင်း တိုးတက်မှုနှုန်း အမြင့်မားဆုံးဖြစ်ကြောင်း ဘရူနိုင်းဝန်ကြီးချုပ်ရုံး ဝန်ကြီး အဗ္ဗဒူလာက ပြောကြားသည်။ **ဆင်ဟွာ**






# ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြုလုပ်သည့် ၂၀၂၅ တိုကျိုမာရသွန်ပြိုင်ပွဲ အားကစားသမား ၃၈၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်

**တိုကျို မတ် ၂**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြုလုပ်သည့် ၂၀၂၅ တိုကျိုမာရသွန်ပြိုင်ပွဲတွင် အားကစားသမား ၃၈၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြသည်ဟု သိရသည်။

အဆိုပါ မာရသွန်ပြိုင်ပွဲသည် နိုင်ငံ၏အကြီးဆုံး အပြေးပြိုင်ပွဲကြီး ဖြစ်သည်။ ပြိုင်ပွဲဝင်ရန် ကံစမ်းမဲပေါက်သည့် ပြည်သူများလည်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ဂျပန်နှင့်နိုင်ငံရပ်ခြားမှ လက်ရွေးစင်အပြေးသမားကိုလည်းဖိတ်ခေါ်၍ ယှဉ်ပြိုင်စေခဲ့သည်။ ပြိုင်ပွဲကို မတ်၂ ရက် နံနက် ၉ နာရီဝန်းကျင်တွင် တိုကျိုမြို့တော် အစိုးရအဆောက်အအုံမှ စတင်ကျင်းပခဲ့သည်။

စိုင်တမာပြည်နယ်မှ အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးက ၎င်းသည်နိုင်ငံတစ်ဝန်း အပြေးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ဖူးသော်လည်း တိုကျိုမာရသွန်ပြိုင်ပွဲကိုမူ ယခုတစ်ကြိမ်တွင်သာ ပါဝင်ဖူးကြောင်း၊ ကံစမ်းမဲပေါက်သည့်အတွက် ပါဝင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

၎င်း၏ရည်မှန်းချက်မှာ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိဘဲ ပြိုင်ပွဲပြီးဆုံးအောင် ယှဉ်ပြိုင်နိုင်ရန်ပင်ဖြစ်သည်ဟုပြောသည်။ မာရသွန်လမ်းကြောင်းပေါ်ရှိ ကျယ်ပြန့်သည့် ဧရိယာတစ်ဝိုက်တွင် ယာဉ်အသွားအလာများ ကန့်သတ်ထားသည်။

အချို့သောလမ်းများကို ည ၉ နာရီအထိ ပိတ်ထားမည်ဟု သိရသည်။ မတ် ၂ ရက်တွင် တိုကျိုမြို့လယ်၌ ယာဉ်မောင်းနှင်ခြင်းမပြုကြရန်နှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်ကိုသာ အသုံးပြုကြရန် တိုကျိုရဲများက ပြည်သူများကို တိုက်တွန်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်က မက္ကဆီကိုနှင့်ထိစပ်နေသည့် တောင်ပိုင်းနယ်စပ်သို့ တပ်ဖွဲ့ဝင် ၃၀၀၀ ခန့် ထပ်မံစေလွှတ်မည်

**ဝါရှင်တန် မတ် ၂**

အမေရိကန်ကာကွယ်ရေးဌာနက မက္ကဆီကိုနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် တောင်ပိုင်းနယ်စပ်သို့ တပ်ဖွဲ့ဝင် ၃၀၀၀ ခန့် စေလွှတ်ရန် စီစဉ်နေကြောင်း အမေရိကန်ကာကွယ်ရေး တာဝန်ရှိသူများ၏ ပြောကြားချက်ကို ဝါရှင်တန် ပို့စ်သတင်းဌာနက မတ် ၁ ရက်တွင် ဖော်ပြထားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိသ်ဟက်ဆက်သ်က ထိုကဲ့သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးအမိန့်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါ တပ်ဖွဲ့ဝင်များမှာ မိုင် ၂၀၀၀ ခန့် ရှည်လျားသော နယ်စပ်တစ်လျှောက်သို့ လာမည့် ရက်သတ္တပတ်အတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နယ်စပ်လုံခြုံရေးကို ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ထားသည်။ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ ဝင်ရောက်လာမှုကို အလုံးစုံဟန့်တားထိန်းချုပ်နိုင်ရန် သမ္မတတာဝန်စတင်ထမ်းဆောင်သည့် ပထမနေ့တွင်ပင် ဒေါ်နယ်ထရမ့်က အမေရိကန်-မက္ကဆီကို နယ်စပ်ကို အမျိုးသားရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ **ဆင်ဟွာ**

# အီဂျစ်ဝန်ကြီးချုပ်နှင့် ပါလက်စတိုင်းဝန်ကြီးချုပ်တို့တွေ့ဆုံ ဂါဇာဒေသ ပြန်လည်တည်ဆောက်ရေးဆွေးနွေး

**ကိုင်ရို မတ် ၂**

အီဂျစ်ဝန်ကြီးချုပ် မူစတာဖာ မက်ဘူလီသည် ပါလက်စတိုင်းဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ မိုဟာမက် မူစတာဖာတို့ မတ် ၁ ရက်က တွေ့ဆုံကာ ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

မက်ဘူလီက ပါလက်စတိုင်းတို့၏ တရားဝင်အခွင့်အရေးများနှင့် အထူးသဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လွတ်လပ်ရေးတို့အတွက် အီဂျစ်၏ ထောက်ခံမှုကို ထပ်မံအတည်ပြုခဲ့သည်။

ပါလက်စတိုင်းတို့ကို ကမ်းမြောင်ဒေသတွင် ဆက်လက်ထားရှိပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အဆင့်မြှင့်တင်ရန် အီဂျစ်အစိုးရက ပြင်ဆင်လျက်ရှိသည်ဟု မက်ဘူလီက ပြောသည်။

အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို အဆင့်အားလုံးတွင် အကောင်အထည်ဖော်ရန် သို့မဟုတ် ဂါဇာကမ်းမြောင်ဒေသတွင်ပြန်လည်တည်ဆောက်ရေးအတွက် အီဂျစ်အစိုးရသည် ပါလက်စတိုင်းအရေးကိစ္စနှင့် ပါလက်စတိုင်းပြည်သူများ ကျောထောက်နောက်ခံပြုရန် စိတ်ရင်းအမှန်ဖြင့် ကြိုးပမ်းခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပါလက်စတိုင်း ဝန်ကြီးချုပ် မိုဟာမက်မူစတာဖာကလည်း အီဂျစ်နိုင်ငံ၏ ပါလက်စတိုင်းပြည်သူများအတွက် ပံ့ပိုးပေးမှုကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအစီအစဉ်များ ပြီးမြောက်ရေးအတွက် အီဂျစ်နှင့် ပါလက်စတိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။ **ဆင်ဟွာ**

# ဟားမားစ်တို့နှင့် ယာယီအပစ်အခတ်ရပ်စဲရေး အစ္စရေးသဘောတူ

**ဂျေရုဆလင် မတ် ၂**

ရာမာဒန်နှင့်ပသခါ အားလပ်ရက်များအတွင်း ဂါဇာရှိ ဟားမားစ်တို့နှင့် ယာယီအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အမေရိကန်၏အဆိုပြုချက်ကို အစ္စရေးက လက်ခံကြောင်း ဝန်ကြီးချုပ်ရုံးက မတ် ၂ ရက်တွင် ထုတ်ပြန်သည်။

မွတ်စလင်တို့၏ ရာမာဒန်လမြတ်ကာလသည် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၃၀ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး ဂျူးလူမျိုးများ၏ ပသခါရက်သတ္တပတ်ကို ဧပြီ ၁၂ ရက်မှ ၂၀ ရက်အထိ သတ်မှတ်မည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန် အထူးသံတမန် စတိဗ်ဝစ်ခ်ကော့ဖ်၏ အဆိုပြုချက်အရ အပစ်အခတ်ရပ်စဲရေး ပထမနေ့တွင် ဂါဇာ၌ ဟားမားစ်တို့ဖမ်းဆီးထားသော အစ္စရေးဓားစာခံ ၅၉ ဦးအနက် ထက်ဝက်ခန့်ကို ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

ကျန်ရှိသောဓားစာခံများကို အလုံးစုံ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိမှသာ လွှတ်ပေးနိုင်ဖွယ်ရှိသည်။

အဆိုပါကြေညာချက်တွင် ဟားမားစ်သည် သဘောတူညီချက်ကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့သော်လည်း အစ္စရေးက ချိုးဖောက်ခြင်းမရှိကြောင်း ဖော်ပြထားသည်။ **ဆင်ဟွာ**

# ၁၁ လအတွင်း အာဖဂန်နစ္စတန်မှ သစ်သီးဝလံ အမေရိကန်ဒေါ်လာ ၁၄၃ သန်းဖိုး တင်ပို့

**ကဘူးလ် မတ် ၂**

ပြီးခဲ့သည့် ၁၁ လတာကာလအတွင်း အာဖဂန်နစ္စတန်မှ လတ်ဆတ်သော သစ်သီးဝလံများကို အမေရိကန် ဒေါ်လာ ၁၄၃ သန်းကျော်ဖိုး တင်ပို့ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက မတ် ၂ ရက်တွင် ထုတ်ပြန်သည်။

ပြီးခဲ့သည့် ၁၁ လအတွင်း ဒေါ်လာ ၁၄၃ သန်းကျော်တန်ဖိုးရှိ သစ်သီးဝလံ ၂၉၆၀၀၀ တန်ခန့် တင်ပို့ခဲ့ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အကွန်ဇာဒါ အဗ္ဗဒူဆလမ်ဂျာဝပ်ဒ်က ဆိုသည်။

ထုတ်ကုန်အများစုကို ပါကစ္စတန်၊ အိန္ဒိယ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ တရုတ်၊ ဗြိတိန်၊ နယ်သာလန်၊ အမေရိကန်၊ ပြင်သစ်၊ ဩစတြေးလျ၊ အီရတ်၊ ဆော်ဒီအာရေဗျနှင့် ကနေဒါနိုင်ငံတို့သို့ တင်ပို့ခဲ့သည်။

အာဖဂန်နစ္စတန်မှ လွန်ခဲ့သည့် ၁၀ လအတွင်း ဒေါ်လာသန်း ၃၅၀ တန်ဖိုးရှိသည့် သစ်သီးခြောက် တန်ချိန် ၁၁၅၀၀၀ တင်ပို့ခဲ့ကြောင်း ဂျာဝပ်ဒ်က ဖေဖော်ဝါရီတွင် ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး၊ ပါမောက္ခ (ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူတွေ အထောက်အကူဖြစ်စေဖို့ မြန်မာ့သမိုင်းနဲ့ ကမ္ဘာ့သမိုင်းသင်ခန်းစာတွေမှ သိကောင်းစရာတွေကို တင်ပြပေးသွားမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ စာမေးပွဲအတွက် အထောက်အကူဖြစ်စေမယ့် သမိုင်းအချက်အလက်တွေကို အကောင်းဆုံးပြင်ဆင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာတွေမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နဲ့ စီးပွားရေးပုံစံပြောင်းလဲမှုတွေ၊ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်တွေကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ် – မြန်မာစစ် (၁၈၂၄–၁၈၂၆) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ် – မြန်မာစစ် (၁၈၅၂–၁၈၅၃) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နဲ့ တတိယ အင်္ဂလိပ် – မြန်မာစစ် (၁၈၈၅) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကျူးကျော်စစ်ပွဲကို သုံးကြိမ် ရင်ဆိုင်ခဲ့ရတယ်။ ပထမ အင်္ဂလိပ် – မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနဲ့ ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့်အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယ အင်္ဂလိပ် – မြန်မာစစ်အပြီးမှာ ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့ လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နဲ့ အောက်မြန်မာပြည် (ပဲခူးနယ်)တို့ကိုပေါင်းပြီး ဗြိတိသျှဘားမားလို့ ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကို အုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့ စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာ စတဲ့ အာဏာသုံးရပ်ကို တစ်ဦးတည်း ကျင့်သုံးနိုင်တယ်။ ဒါပေမယ့် သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာ မရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်တွေ တိကျစွာ သတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံ အုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန် တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ၁၉၂၁ မြန်မာနိုင်ငံ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရ ဒိုင်အာခီအုပ်ချုပ်ရေး ပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေး ပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ် ကာလပြီးရင် မြန်မာပြည်ရဲ့အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရေးနဲ့ ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာနဲ့ အကြံပေးချက်တွေအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကို လိုလားသူတွေနဲ့ တွဲရေးကို လိုလားသူတွေဆိုပြီး အုပ်စုတွေ ကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့် ဒီပြဿနာကို မြန်မာတို့ အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်ပါလီမန်အထက်လွှတ်တော်က အဖွဲ့ဝင် ၁၆ ဦးပါဝင်တဲ့ တွဲဖက်ကော်မတီကို တာဝန်ပေးခဲ့တယ်။ ကော်မတီအစီရင်ခံစာနဲ့ အကြံပေးချက်တွေအရ အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာန အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာန အုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာန အုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ဆိုင်မွန်ကော်မရှင် ပေါ်ပေါက်လာပုံ၊ လန်ဒန်မှာ ကျင်းပတဲ့ သီးခြားစုံညီအစည်းအဝေး၊ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေပေါ်ပေါက်လာပုံ၊ ၉၁ ဌာန အုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ ဌာနတွေနဲ့ ပြည်သူ့ကိုယ်စားလှယ်အမတ်တွေ အုပ်ချုပ်ခွင့်ရတဲ့ဌာနတွေ၊ ၉၁ ဌာန အုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ် ပြောင်းလဲလာမှုတွေကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေးစနစ်နဲ့ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာကြရမှာဖြစ်တယ်။ ကိုလိုနီခေတ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတွေကတော့ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်း၊ သတ္တုနှင့် သယံဇာတလုပ်ငန်းတွေဖြစ်ကြတယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးတွေကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ် အမည်နဲ့ ကုမ္ပဏီလေးခုက လည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမားကူးသန်းရောင်းဝယ်ရေးကုမ္ပဏီကလည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီကလည်းကောင်း၊ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။ ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်တွေ၊ အလုပ်သမားတွေ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းတွေ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝအခြေအနေတွေကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှ အလုပ်သမားတွေကို ခေါ်ယူခဲ့တယ်။ အလုပ်သမားတွေအနက် စက်မှုလုပ်ငန်းတွေမှာ လုပ်ကိုင်တဲ့အလုပ်သမားတွေရဲ့ ဘဝအခြေက ပိုပြီး ဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားတွေဟာ အရင်းရှင်တွေရဲ့ လက်ဝါးကြီးအုပ် အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားတွေရဲ့ ဘဝဟာပိုမိုဆိုးရွားလာခဲ့တယ် ဆိုတာကိုလည်း လေ့လာထားရမယ်။

အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းတွေအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျောင်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမယ့် ကျေးလက်တောရွာနေ ပြည်သူတွေဟာ မြန်မာဆေးဝါးတွေနဲ့ တိုင်းရင်းဆေးဆရာတွေကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်း ဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံတွေကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးတွေမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။ လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြောင်းလဲမှု (၁၉၄၈–၁၉၆၂) ကို လေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာသိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ပထမဦးဆုံးအစိုးရအဖွဲ့ကို ဝန်ကြီးဌာန ၁၉ ခုနဲ့ ဖွဲ့စည်းခဲ့တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် နှစ်ရပ်ရှိတယ်။ လွှတ်တော် နှစ်ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်တွေကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးတွေ ဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန် ခေါ် အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နဲ့ လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်တွေကို အဆင့်ဆင့် ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကို အခြေပြုတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈–၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ် လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ် ဒါမှမဟုတ် ဆောင်ရွက်ချက်တွေကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိ ကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကတော့ ယခင် ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု (ပထစ) အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရတွေလက်ထက် စီးပွားရေး၊ လူမှုရေးပြောင်းလဲလာတဲ့ အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလကို တော်လှန်ရေးကောင်စီခေတ်လို့ခေါ်တယ်။ ဒီသင်ခန်းစာမှာတော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေ အကြောင်းကို လေ့လာထားဖို့ လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထားကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း ဆိုရှယ်လစ်စီးပွားရေးမူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်တွေ ချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းတွေကို စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ်ပွဲတွေ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ်အကောင်အထည်ဖော်ပေးခဲ့တယ်ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို သိထားဖို့လိုတယ်။

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုတွေကို လေ့လာထားဖို့လိုတယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရတွေလက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေး (Education for All) အတွက် အခြေခံပညာကျောင်းတွေကို ကျေးရွာတွေနဲ့ နယ်စပ်ဒေသတွေမှာ တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်းလေးခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာတွေနဲ့ စီးပွားရေးပုံသဏ္ဌာန်တွေကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြဿနာတွေ၊ တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေဆိုပြီး ပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်တွေ၊ လုပ်ငန်းဆိုင်ရာအမျိုးအစားအလိုက် အေဂျင်စီတွေ၊ ကုလသမဂ္ဂရဲ့ အဓိကလုပ်ငန်းကြီးငါးရပ်နဲ့ ယင်းတို့ရဲ့ဆောင်ရွက်ချက်တွေကို ကဏ္ဍအလိုက် လေ့လာသင့်တယ်။ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ်စတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနဲ့ ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းတွေလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းတွေထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂ ကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးမှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာတွေ၊ နည်းပညာကို အခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံတွေ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာ ကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့ ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတွေနဲ့ ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားတွေရဲ့ ကျန်းမာရေးအပေါ် စိန်ခေါ်မှုတွေ ဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆောင်ရွက်ချက်တွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ချက်တွေ၊ ရာသီဥတုဆိုင်ရာပြဿနာတွေကြောင့် လူသားတို့ရဲ့ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုတွေကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကို လေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာသော ကမ္ဘာ့နိုင်ငံတွေအနက် တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကို လေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်တွေက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒတွေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်တွေ၊ တိန့်ရှောင်ဖိန်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ ပြည်တွင်း ပြည်ပ စိန်ခေါ်မှုတွေကို လေ့လာသိရှိဖို့ လိုအပ်တယ်။ ပြည်တွင်း ပြည်ပစိန်ခေါ်မှုတွေကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာ စိန်ခေါ်မှုတွေအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ရပ်ဝန်းနဲ့လမ်းအစီအစဉ် ဘီအာအိုင် (BRI-Belt and Road Initiative) ကိုလည်း သိဖို့လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ဖော်ဆောင်ရာမှာ အဓိက ဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့ လူမှုရေးတို့အပေါ် စိန်ခေါ်မှုတွေ ဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲသမိုင်းဘာသာရပ် မေးခွန်းဟာ ၂၀၂၄ ခုနှစ် မေးခွန်းနဲ့ ပုံစံအတူတူပဲဖြစ်ပါတယ်။ မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ၊ သင်ခန်းစာတစ်ခုစီမှ အဓိက မှတ်သားသင့်သော အချက်တွေကို နားလည်သိရှိမှု ရှိ မရှိ စစ်ဆေးတဲ့ မှတ်စုတိုမေးခွန်းတွေ၊ သမိုင်းအကြောင်းအရာတစ်ခုစီရဲ့ အခြေခံအကြောင်းရင်းတွေနဲ့ အကျိုးသက်ရောက်မှုတွေ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်တွေပါဝင်တယ်။

မေးခွန်းမှာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း(ဂ) ဆိုပြီး အပိုင်းသုံးပိုင်းပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း သုံးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရဲ့ အပိုင်းတစ်ပိုင်းစီတိုင်းဟာ သင်ရိုးတစ်ခုလုံး လွှမ်းခြုံအောင်မေးထားတဲ့ မေးခွန်းတွေဖြစ်တယ်။ မေးခွန်းလွှာဟာ စာမျက်နှာ စုစုပေါင်း လေးမျက်နှာပါရှိမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) ကတော့ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး နံပါတ် ၁ (က) နှင့် ၁(ခ) ဆိုပြီးပါရှိမှာ ဖြစ်ပါတယ်။ နံပါတ် ၁ (က) မေးခွန်းဟာ အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ နံပါတ် (၁) မှ (၁၅) အထိ စုစုပေါင်း (၁၅) ပုဒ် ပါဝင်တယ်။ မြန်မာ့သမိုင်းမှ (၈) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၇) ပုဒ် ပါရှိမှာ ဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ကတော့(၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (က) ၏ နံပါတ် ၁(ခ) မှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ (၁) မှ (၁၅) အထိပါဝင်ပြီး မြန်မာ့သမိုင်းမှ (၇) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၈) ပုဒ်၊ စုစုပေါင်း (၁၅) ပုဒ် ပါရှိမှာ ဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ခ) မှာ အောက်ပါတို့အနက်မှခြောက်ပုဒ်ကို မှတ်စုတိုရေးပါ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (က)မှ (ဇ)အထိရှိပြီး မြန်မာ့သမိုင်း (၄) ပုဒ်နှင့် ကမ္ဘာ့သမိုင်း (၄) ပုဒ်တို့ ပါဝင်တယ်။ အဲဒီ (၈) ပုဒ်ထဲက နှစ်သက်ရာ (၆) ပုဒ်ကို ဖြေဆိုရမှာ ဖြစ်တယ်။ တစ်ပုဒ်ရမှတ်ဟာ (၅) မှတ် ဖြစ်ပြီး စုစုပေါင်းရမှတ် (၃၀) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ဂ) သည် အောက်ပါမေးခွန်းတို့ကို ဖြေဆိုပါ ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၁) မေးခွန်းကတော့ မြန်မာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း (၂) ပုဒ်အနက် ကြိုက်နှစ်သက်ရာ (၁) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၂) မေးခွန်းကတော့ ကမ္ဘာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း (၂) ပုဒ်အနက် ကြိုက်နှစ်သက်ရာ (၁) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ ဒါကြောင့် အပိုင်း (ဂ) ရဲ့ စုစုပေါင်းရမှတ်မှာ (၄၀) မှတ် ဖြစ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာရပ်မေးခွန်းဟာ ပြဋ္ဌာန်းစာအုပ်တစ်ခုလုံးကို လွှမ်းခြုံမေးထားတာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ခန်းစာ တစ်စိတ်တစ်ပိုင်းကိုသာ လေ့လာ၊ ကျက်မှတ်ခြင်းမျိုးမပြုလုပ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေကို စုံလင်စွာလေ့လာဖို့ အလွန်အရေးကြီးပါတယ်။

သမိုင်းကိုလေ့လာတဲ့အခါ သင်ခန်းစာတိုင်းမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေနဲ့ သင်ခန်းစာတစ်ခုနဲ့တစ်ခု သမိုင်းစဉ်ဆက်စပ်မှုကို နားလည်ဖို့အထူးလိုအပ်ပါတယ်။ စာမေးပွဲဖြေဆိုရာမှာလည်း မေးခွန်းကို သေချာဖတ်ရှုပြီး မေးထားတဲ့မေးခွန်းနဲ့ သက်ဆိုင်တဲ့အကြောင်းအရာတွေကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ သင်ခန်းစာတွေကို အစအဆုံး ကောင်းမွန်စွာ ပြင်ဆင်ထားခြင်းဖြင့် မေးခွန်းတွေကို အခက်အခဲမရှိဘဲ ဖြေဆိုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသားကျောင်းသူတွေအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းမွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေ။

# တွံတေးမြို့နယ်၌ ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေး

**တွံတေး မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မျိုးဇော်လှ၊ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းရီနှင့်



အဖွဲ့ဝင်များက ကာကွယ်ဆေးတိုက်ကျွေးနေမှုကို သွားရောက်ကြီးကြပ်၍ တွံတေးမြို့နယ်အတွင်းရှိ အသက် နှစ်လမှ ငါးနှစ်အထိ ကလေးသူငယ်များအား ပိုလီယိုကာကွယ်ဆေး (အစက်ချဆေး) အရှိန်အဟုန်မြှင့် တိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အသည်းရောင်အသားဝါ အရောဂါ ကာကွယ်တားဆီးရေးအတွက် အစားအသောက် ရောင်းချသူများအား Hand Swab နှင့် Nasal Swab ယူခြင်း၊ အစားအသောက်များအား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တွံတေးသား**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# လယ်ဝေးမြို့၌ ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေး

**နေပြည်တော် မတ် ၂**

နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် လယ်ဝေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် မြို့နယ်အတွင်း အသက်နှစ်လမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များအား ပိုလီယိုရောဂါ ကာကွယ်ဆေး အရှိန်အဟုန်မြှင့် တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အမှတ် (၁)ရပ်ကွက်၌ တိုက်ကျွေးခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်ခုတင်(၁၀၀) ဆေးရုံအုပ်ဒေါက်တာနန္ဒာကျော်က ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခုတင်



(၁၀၀) ဆေးရုံအုပ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာသဇင်မြင့်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက အသက်နှစ်လမှ ငါးနှစ်အထိ ကလေးငယ်များအား ပိုလီယိုရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးခဲ့သည်။ လယ်ဝေးမြို့နယ်အတွင်း ပိုလီယိုရောဂါ ကာကွယ်ဆေးကို စုရပ် ၂၉၄ နေရာ၌ ရည်မှန်းကလေးငယ် ၂၁၄၇၆ ဦးအား တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ရန်ကုန် မတ် ၂**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ၍ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ရောက်ရှိနေသည့် ပြည်သူများအား အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ပေးအပ်သော ထောက်ပံ့ငွေများ (ဒုတိယအကြိမ်)ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က သဃ်န်းကျွန်းမြို့နယ် (င/က) ရပ်ကွက် ဦးဘဟန်လမ်း ပညာရေးဒီဂရီကောလိပ် ပညာနေခြည်ခန်းမနှင့် စံပြရပ်ကွက် ရန်မျိုးအောင် ဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ယာယီနေရပ်စွန့်ခွာရောက်ရှိနေသည့်ပြည်သူများအား ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်နေမှု အခြေအနေများကို သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ/ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများက အဖွဲ့များခွဲကာ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ခရီးလွန်နေသူများ၊ သက်ကြီးရွယ်အိုများ၊ ကျောင်းသား ကျောင်းသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး/ အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများ သွားရောက် ပေးအပ်လျက်ရှိရာ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၇၈၉ ဦး ထောက်ပံ့ပေးခဲ့သည်။ **သိန်းအောင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သန့်ရှင်းသောလေထုမှရရှိသော အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သန့်ရှင်းသောလေထုမှရရှိသော အကျိုးကျေးဇူးများ အကြောင်းအရာဖြင့် အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သူတို့က သန့်ရှင်းခြောက်သွေ့သော လေထုအတွင်း ပါဝင်သော ဓာတ်ငွေ့များအကြောင်း၊ လေထု၏အရေးပါမှု၊ သန့်ရှင်းသောလေထုမှ ရရှိနိုင်သော အကျိုးကျေးဇူးများ၊ လေထုညစ်ညမ်းစေသော ဓာတ်ငွေ့များနှင့် ၎င်းတို့၏ ဆိုးကျိုးများ၊ အိမ်တွင်း/ ဝန်းကျင် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည့် နည်းလမ်းများ၊ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရေး နိုင်ငံအတွင်း ဆောင်ရွက်မှုများနှင့် လေထုအရည်အသွေး သတင်းထုတ်ပြန်မှုများကို အများပြည်သူသိရှိစေရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အေးမဉ္ဇူ**

## လှည်းကူးမြို့နယ်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေး

**လှည်းကူး မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသည်။




ဦးစွာ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက မီးခိုးမြူငွေ့ဆိုတာဘာလဲ၊ မီးခိုးမြူငွေ့များ ဘယ်လိုဖြစ်ပေါ်လာပါသလဲ၊ မီးခိုးမြူငွေ့အမျိုးအစား နှစ်မျိုး၊ မီးလောင်ကျွမ်းမှုကြောင့် မီးခိုးမြူငွေ့ဖြစ်ပေါ်စေနိုင်သော အဓိကအကြောင်းရင်းများ၊ မီးခိုးမြူငွေ့ကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများ၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ လိုက်နာ ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မင်းဟန်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်ရှိ လမ်း၊တံတား တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ မတ် ၂**

ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးလှမျိုးဝင်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၇ ရက်က ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၂၄၈ ဒသမ ၇၅ သန်းနှင့် ပြည်နယ်ရန်ပုံငွေကျပ် ၂၇၆ ဒသမ ၉၅ သန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသော ရွာလွတ်၊ တော်ကနာနှင့် ကမာမိုကျေးရွာများရှိ ကတ္တရာလမ်း ခုနစ်လမ်း၊ ကတောင်စိန်ကျေးရွာရှိ ကွန်ကရစ်လမ်း တစ်လမ်း၊ မုရစ်ကြီးကျေးရွာရှိ ကျောက်ချောလမ်း တစ်လမ်း၊ ကလော့ကျေးရွာရှိ မြေသားလမ်း နှစ်လမ်း၊ ခရိုက်ဒူးကျေးရွာနှင့် ကရင်ဝင်းစိန်ကျေးရွာတို့ရှိ ကွန်ကရစ်တံတား နှစ်စင်းနှင့် Box Culvert လေးစင်း တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘားအံမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ဘားအံ မတ် ၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာများနှင့် စွမ်းဆောင်ရည်ပြည့်ဝနေစေရန် ရည်ရွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဌာနတွင်းမွမ်းမံသင်တန်းကို ဘားအံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီ ၂၇ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သည်။ **ခရိုင်(ပြန်/ဆက်)**





ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာရှိ ခိုင်မေတ္တာဆန်စက်၌ လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်နိုင်ထွန်း ဦးဆောင်၍ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများကို ဖေဖော်ဝါရီ ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဘန်းကချွန်ကျေးရွာအုပ်စု ၁၅ မိုင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၇ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။ ၂၂၂





မြောင်းမြခရိုင် မီးသတ်ဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်း ဦးဆောင်၍ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တော၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အသေးစားစက်မှုလုပ်ငန်းမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၈ ရက်က မြောင်းမြမြို့နယ်အတွင်းရှိ သစ်ခွဲစက်နှင့် သစ်လုပ်ငန်းများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။ ဇေယျာ(မြောင်းမြ)

# ပေါင်မြို့နယ်၌ ဥပဒေအသိပညာပေးဟောပြောပွဲ ပြုလုပ်



**ပေါင် မတ် ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဥပဒေအသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝါရီရှုခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေအသိပညာ ပြန့်ပွားပေးရခြင်းမှာ နိုင်ငံသားတိုင်း ဥပဒေအသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် ဥပဒေအသိအမြင်၊ ဥပဒေအတွေးအခေါ်၊ ဥပဒေစိတ်ထားများ၊ ဥပဒေစကားများ ပိုမိုပေါ်ထွန်းလာစေရေးတို့အတွက် ရည်ရွယ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ သိမှတ်ဖွယ်ရာ ဥပဒေရေးရာအဖြာဖြာ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ (၂၀၁၀ ခုနှစ်)၊ လောင်းကစားဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတို့ကို ဟောပြောပို့ချပြီး မွန်ပြည်နယ်ဥပဒေချုပ်က ၎င်းကိုယ်ပိုင်စာအုပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ ၄၃၇ မျိုးကို ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်အတွက် မြို့နယ်ဦးစီးမှူးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ဆိုလာအသေးစားဓာတ်အားပေးစနစ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

**ကော့သောင်း မတ် ၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ကြိမ်မဲတောင်ကျေးရွာတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ဆိုလာအသေးစား ဓာတ်အားပေးစနစ် မီးလင်းရေးနှင့် အအေးခန်းသိုလှောင်စနစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အသိပညာပေးသင်တန်းပေးခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က ကော့သောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြများက ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အသိပညာပေးခြင်းနှင့် စပ်လျဉ်း၍ ပြန်ပြည့်မြဲ စွမ်းအင်ရင်းမြစ်မိတ်ဆက်ခြင်းနှင့် ဆိုလာစနစ် အမျိုးအစားများအကြောင်း၊ ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ် စွမ်းအင်ချွေတာသုံးစွဲရေးနှင့် အကျိုးရှိစွာ အသုံးချခြင်းအကြောင်း၊ အသေးစား ဓာတ်အားပေးစနစ်ဆိုင်ရာ အခြေခံအချက်အလက်များနှင့် အသုံးပြုသည့် အစိတ်အပိုင်းများအကြောင်းနှင့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဆိုလာအသေးစား ဓာတ်အားပေးစနစ် စီမံကိန်းများအကြောင်း ရှင်းလင်းပို့ချ၍ သင်တန်းနည်းပြများက သင်တန်းသားများအား သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးသည်။

သင်တန်းသို့ ဘုတ်ပြင်းမြို့နယ် ကြိမ်မဲတောင်ကျေးရွာမှ ကျေးရွာမီးလင်းရေးကော်မတီဝင်များ အပါအဝင် ကျေးရွာမှ စိတ်ပါဝင်စားသည့် သင်တန်းသား ၁၆ ဦး၊ ကော့သောင်းမြို့နယ်ရွာသာယာကျေးရွာမှ သင်တန်းသား ၁၀ ဦး စုစုပေါင်း သင်တန်းသား ၂၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သထုံမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**သထုံ မတ် ၂**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီက စီစဉ်ကျင်းပသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ဘင်လှိုင်ရပ်ကွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုစိုးက ကလေးသူငယ်၏ အသက်အရွယ်အပိုင်းအခြားနှင့် ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ တည်ဆဲဥပဒေအရ ကလေးအလုပ်သမားခိုင်းစေခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များ၊ အလုပ်ရုံ အလုပ်ဌာနများအနေဖြင့် ကလေးအလုပ်သမား အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ သိရှိထားရမည့်အချက်များ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် ကလေးအလုပ်သမား ကင်းစင်ရေး ဆောင်ရွက်နေမှုများ စသည်တို့ကို ဆွေးနွေးဟောပြောသည်။



ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဋ္ဌေးက လူထုအခြေပြုဗဟိုဌာန၌ အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ကလေးအလုပ်သမား ပပျောက်ရေးနှင့် စပ်လျဉ်း၍ သိလိုသည်တို့ကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့၌ နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်ပွဲကျင်းပ

**ညောင်လေးပင် မတ် ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ၂၀၂၅ ခုနှစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှမြင့်က နွေရာသီ အခြေခံအားကစား သင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘင်ခရာ သင်တန်းသား သင်တန်းသူများအဖွဲ့က ဘင်ခရာသံစုံတီးလုံးဖြင့် သရုပ်ပြဖျော်ဖြေခြင်း၊ Fitness Dance သရုပ်ပြအဖွဲ့က အကများဖြင့် ကပြဖျော်ဖြေခြင်း၊ ရိုးရာခြင်း အားကစားသမားများက ရိုးရာခြင်းခတ်ခြင်းတို့ဖြင့် သရုပ်ပြဖျော်ဖြေခဲ့ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**နီနီဝင်း(ပြန်/ဆက်)**

# မြို့နယ်များ၌ မီတာဖတ်ရှုနေမှုများနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ စစ်ဆေး

**ရန်ကုန် မတ် ၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယမန်နေ့က ဖောင်ကြီးမြို့နှင့် လှည်းကူးမြို့နယ်များသို့ သွားရောက်၍ မတ် ၁ ရက်မှ ၆ ရက်အထိ ဖေဖော်ဝါရီလအတွက် မီတာဖတ်ရှုနေမှု များ၊ ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးနေမှုအခြေအနေများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၁/၀) မိုင်တွင် လျှပ်စစ်မော်တော်ယာဉ်များ အားသွင်းစခန်းအတွက် အသစ်တည်ဆောက်လျက်ရှိသည့် ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံသစ်သို့ နိုင်ငံခြားမှ လျှပ်စစ်ပစ္စည်းများ ရောက်ရှိလာမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဖောင်ကြီးမြို့လျှပ်စစ်မန်နေဂျာရုံးနှင့် (၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေ မြို့ရုံးဓာတ်အားခွဲရုံသို့ သွားရောက်၍ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ ဖီဒါများအလိုက် မီတာဖတ်ရှုထားမှု၊ မီတာဖတ်ချက်မှတ်တမ်းများ ရေးသွင်းထားမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားခကြွေးကျန်အခြေအနေများ၊ (၃၃/၁၁)ကေဗွီ (၁၀)အမ်ဗွီအေ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်ဓာတ်အားခွဲရုံ၏ ဓာတ်အားဖြန့်ဖြူးထားသည့်အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လှည်းကူးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးရှိ (၆၆/၃၃/၁၁) ကေဗွီ မြို့ရုံးဓာတ်အားခွဲရုံနှင့်( ၃၃/၁၁ )ကေဗွီ စာဘူးတောင်းဓာတ်အားခွဲရုံများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(၁/၀)မိုင်ရှိ ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံအသစ် တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကာ နိုင်ငံခြားမှ ရောက်ရှိလာသည့် ဓာတ်အားခွဲရုံပစ္စည်းများ ကွန်တိန်နာယာဉ်ပေါ်မှ သယ်ချခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**



# မော်လမြိုင်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မော်လမြိုင် မတ် ၂**

မော်လမြိုင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်၍ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းနိုင်ဦးက မီးခိုးမြူငွေ့လျှော့ချရေးနှင့် Fire Hotspot ဖြစ်ပေါ်နေမှု အခြေအနေများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးချက်များခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်သစ်တောဦးစီးဌာနမှ တောအုပ်က တောမီးလောင်ကျွမ်းရခြင်း အကြောင်းအရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိက မီးလောင်ကျွမ်းမှုလျှော့ချနိုင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက စိုက်ပျိုးရေးကြွင်းကျန်ပစ္စည်းများမီးရှို့မှုမှ လျော့ပါးစေရေးနည်းလမ်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားဆောင်ရွက်ခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# (၆၃)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မတ် ၂**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် Myanmar Shwe Pyi Tractor Limited တို့ ပူးပေါင်းကျင်းပသည့် (၆၃)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးဗိုလ်လုပွဲပြိုင်ပွဲ "Cycling Esports National Championships 2025" ကို ရန်ကုန်မြို့ သဃ်န်ကျွန်းမြို့နယ် သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစခန်း (YTC) ကွင်းရှိ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပြိုင်ပွဲ ၁၆ ကီလိုမီတာ အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ကြရာMen Junior ပွဲ၌ ပထမ ရဲမြတ်ကျော် RCC (ရန်ကုန်)၊ ဒုတိယ ဇေလင်းထက် TYC (မန္တလေး) နှင့် တတိယ စောဝေနောင်ထွန်း TYC (မန္တလေး)၊ Women Elite ပြိုင်ပွဲတွင် ပထမ ခိုင်ဝါ TYC (မန္တလေး)၊ ဒုတိယ သွယ်ဇင်ဟန် KNCC(ရန်ကုန်) နှင့် တတိယ လှလှနွယ် FCC(ရန်ကုန်) တို့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ကျော်မင်းသန်း၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးမြတ်သူတို့က ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Men Elite ပြိုင်ပွဲတွင် ပထမ ဟာကျူလီ TYC (မန္တလေး)၊ ဒုတိယ ဝေလျှံအောင် FCC (ရန်ကုန်) နှင့် တတိယ ထက်အောင်စိုး KNCC (ရန်ကုန်) တို့အား မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ငွေသားဆုနှင့် ဆုတံဆိပ်များကိုလည်းကောင်း၊ ပြိုင်ပွဲဝင်အတန်းလိုက် စတုတ္ထမှ ဒသမတန်းအထိ ဆုရရှိသော အားကစားသမားများအား အဖွဲ့ချုပ်အတွင်းရေးမှူးနှင့် အမှုဆောင်များက ဆုများ ပေးအပ်ချီးမြှင့်သည်။



အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိကျင်းပခဲ့ပြီး Men Junior တန်းတွင် ပြိုင်ပွဲဝင်အားကစားသမား ၅၈ဦး၊ Women Elite တန်းတွင် ပြိုင်ပွဲဝင် အားကစားသမား ၂၀ နှင့် Men Elite တန်းတွင် ပြိုင်ပွဲဝင်အားကစားသမား ၂၂ ဦး စုစုပေါင်း ပြိုင်ပွဲဝင်အားကစားသမား ၁၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## အသည်းရောင်အသားဝါ(အေ) ရောဂါ ကြိုတင်ကာကွယ်ပါ

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါပိုးရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်၊ အသက်အရွယ်မရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

### ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့်အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

### ရောဂါလက္ခဏာများ

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်၊
- အသည်းရောင်အသားဝါ (ဘီ) သို့မဟုတ် (စီ) ရောဂါပိုးရှိသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

### ကာကွယ်နိုင်မည့်နည်းလမ်းများ

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာ အသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ။
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ။
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန်သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အဖျားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး (၁၀)ရက်ကြာသည်အထိ အစားအသောက် ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

**ဖျားခြင်း၊ အရေပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ)ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။**

မတ်လ၊ ၂၀၂၅

CHAMPIONS LEAGUE

မတ် ၅ ရက်၊ ၆ ရက် နံနက်ပိုင်းမှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားကြတော့မှာဖြစ်ပါတယ်။ နာမည်ကြီးအသင်းအချင်းချင်း ထိပ်တိုက်တွေ့ဆုံနေတဲ့ ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

# ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့်**

**၅-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့**

ကလပ်ဘရုဂ် - ဗီလာ
ဒေါ့မွန် - လိုင်လီ
ပီအက်စ်ဗွီ - အာဆင်နယ်
ရီးရဲမက်ဒရစ် - အေတီမက်

**၆-၃-၂၀၂၅ ကြာသပတေးနေ့**

ဖီယင်နု - အင်တာ
ဘိုင်ယန်မြူးနစ် - လေဗာကူဆင်
ဘင်ဖီကာ - ဘာစီလိုနာ
ပီအက်စ်ဂျီ - လီဗာပူး

### ကလပ်ဘရုဂ် Vs ဗီလာ နံနက် ၁၂း၁၅

ကလပ်ဘရုဂ်က ဒီရာသီမှာ ခြေစွမ်းအတော်လေး ထက်မြက်လာတယ်။ ကစားပုံတည်ငြိမ်ပြီး ကျစ်လျစ်မှုရှိတယ်။ ပြိုင်ဘက် ဗီလာရဲ့ ခြေစွမ်းက တည်ငြိမ်မှုမရှိဘူးဆိုပေမယ့် အဆုံးသတ်သေချာတဲ့ ကစားသမားတွေရှိတာကြောင့် နိုင်ဖွယ်ရာရှိတယ်။

### ဒေါ့မွန် Vs လိုင်လီ နံနက် ၂း၃၀

သက်ဆိုင်ရာလိဂ်မှာ နှစ်သင်းစလုံး ရုန်းကန်နေရတာကြောင့် ခြေစွမ်းပုံမှန်မရှိဘူး။ ချန်ပီယံလိဂ်မှာ လိုင်လီက ခြေစွမ်းကောင်းမွန်လေ့ရှိတယ်ဆိုပေမယ့် ဒေါ့မွန်အသင်းအိမ်ကွင်းမှာ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိတယ်။

### ပီအက်စ်ဗွီ Vs အာဆင်နယ် နံနက် ၂း၃၀

တိုက်စစ်ထက်မြက်တဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ် ရှိလာမှာ သေချာတယ်။ နောက်ဆုံးလေးကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာ အာဆင်နယ်က အသာရထားတယ်။ သို့သော်ငြား ပီအက်စ်ဗွီကွင်းမှာတော့ အာဆင်နယ် ရုန်းကန်ရနိုင်တယ်။

### ရီးရဲမက်ဒရစ် Vs အေတီမက် နံနက် ၂း၃၀

လာလီဂါထိပ်တန်းနှစ်သင်းရဲ့ အားပြိုင်မှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ နှစ်သင်းစလုံးမှာ အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေ အများအပြားရှိတာကြောင့် ခြေစွမ်းသာတဲ့အသင်းထက် အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရမယ်။

### ဖီယင်နု Vs အင်တာ နံနက် ၁၂း၁၅

ဖီယင်နုရဲ့ ခြေစွမ်းက ပုံမှန်မရှိဘူး။ ပွဲစဉ်တိုင်းနီးပါး ခက်ခက်ခဲခဲ ကစားရလေ့ရှိတယ်။ ပြိုင်ဘက်အင်တာမီလန်က တိုက်စစ်ထက်မြက်ပြီး ခံစစ်တည်ငြိမ်တယ်။ ဖီယင်နုက အိမ်ကွင်းမှာ ကစားရသော်ငြား အင်တာမီလန်ကို အနိုင်ယူဖို့ မလွယ်ကူတဲ့ အခြေအနေမှာရှိတယ်။

### ဘိုင်ယန်မြူးနစ် Vs လေဗာကူဆင် နံနက် ၂း၃၀

ဘိုင်ယန်မြူးနစ်က တိုက်စစ်၊ ခံစစ် အကောင်းဆုံးပုံစံမှာ ရှိသော်ငြား လေဗာကူဆင်နဲ့ တွေ့ဆုံတိုင်း ခက်ခက်ခဲခဲ ရုန်းကန်ရလေ့ရှိတယ်။ နှစ်သင်းစလုံးမှာ ပွဲအဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ကစားသမားတွေရှိတာကြောင့် အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရမယ်။

### ဘင်ဖီကာ Vs ဘာစီလိုနာ နံနက် ၂း၃၀

ဘင်ဖီကာက ခံစစ်တည်ငြိမ်တယ်။ ဘာစီလိုနာက တိုက်စစ်ထက်မြက်တယ်။ ဘင်ဖီကာအကောင်းဆုံးခြေစွမ်းပြသသည့်တိုင် လီဝမ်ဒေါ့စကီး၊ ရာဖင်ညာတို့ရှိတဲ့ ဘာစီလိုနာကို အနိုင်ယူကျော်ဖြတ်ဖို့ ခက်မယ်။

### ပီအက်စ်ဂျီ Vs လီဗာပူး နံနက် ၂း၃၀

ပီအက်စ်ဂျီရော လီဗာပူးအသင်းပါ ဒီရာသီသက်ဆိုင်ရာလိဂ်တွေမှာ အမှတ်ပေးဇယားကို ရမှတ်ပြတ် ဦးဆောင်ထားတယ်။ ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ အခွင့်အရေးကို အမိအရအသုံးချနိုင်တဲ့အသင်း နိုင်ပွဲရမယ်။



## ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ စစ်ဆီပက်စ်ဗိုလ်စွဲ

ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် စတီဖာနို စစ်ဆီပက်စ်က ဖီးလစ်အူဂါကို အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

ဂရိတင်းနစ်အကျော်အမော် စစ်ဆီပက်စ်သည် အဆိုပါဗိုလ်လုပွဲတွင် ပြိုင်ဘက် ကနေဒါတင်းနစ်ကစားသမားကို ၆-၃၊ ၆-၃ ရလဒ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် နာမည်ကြီး တင်းနစ်ကစားသမားများဖြစ်သည့် ဆွန်နေဂို၊ ခါချာနော့ဗ်၊ ဘာရက်တီနီ၊ စရိတ်စပေါလ်တို့ကို အနိုင်ယူကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ



- ဗြိတိန်နာမည်ကျော်တင်းနစ်မယ် ရာဒူကာနူသည် မကြာမီ ကျင်းပတော့မည့် အင်ဒီးယန်းဝဲလ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။
- မတ် ၂ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါ ပွဲစဉ် (၂၆) တွင် ဘက်တစ်က ရီးရဲမက်ဒရစ်ကို အနိုင်ရခဲ့သည်။
- လီဗာပူးအနေဖြင့် နယူးကာဆယ်မှ ဆွီဒင်တိုက်စစ်ကစားသမား အီဆက်ကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၁၂၀ ကုန်ကျနိုင်သည်။

**မိုးဇက် - စုစည်းသည်**

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် ကျောင်းသား၊ ကျောင်းသူများ လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

**မြန်မာ့အလင်း စာတည်းအဖွဲ့**

တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးနီးကပ်လာပြီဖြစ်သဖြင့် အင်္ဂလိပ်စာဘာသာရပ်ကိုကျောင်းသားကျောင်းသူများပိုင်နိုင်စွာ ဖြေဆိုနိုင်ကြစေရန်နှင့် အောင်ချက်မြင့်မားရေးအထောက်အကူ အဖြစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲမေးခွန်းပုံစံနှင့်အညီ မေးခွန်း နံပါတ်တစ်ခုခြင်းစီအလိုက် ဖြေဆိုနည်းလမ်းညွှန်အပါအဝင် မေးခွန်းနှင့် အဖြေစုံကို ဖော်ပြလိုက်ပါသည်။

၅။ မေးခွန်းနံပါတ် (V-A) က ပေးထားတဲ့ စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာဖြစ်လို့ Unit အားလုံးက စာပိုဒ်တွေကို လေ့လာထားဖို့လိုတယ်။ မေးခွန်းနံပါတ် (V-B) ကတော့ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းကို မေးမှာဖြစ်လို့ ပေးထားတဲ့စာပိုဒ်မှာ အဖြေရှာပြီး မေးခွန်းတစ်ခုစီအတွက် ပြည့်စုံတဲ့ ဝါကျတစ်ကြောင်းစီ ဖြေပေးရမှာဖြစ်တယ်။

**V. Read the passage.**

As we all know, teenagers and young adults are very often influenced by celebrities, films and the type of books and articles they read. Hence, they are quite likely to be misled and thereby acquire ill manners and negative views. There is still another institution that imparts manners: the work domain. Once a person gets a job, his work domain becomes an added institution to influence him, for good or evil.

To put it in a nutshell, the current generation as a whole is the most powerful and most responsible institution for the imparting of good manners. The modelling of society is no easy task. All the elders of this generation should conscientiously join hands and teach their juniors to be law-abiding, upright, honest, self-respecting, disciplined, punctual, charitable, helpful, merciful, and forgiving. The quality of the next generation is in the hands of the present generation. As a matter of fact, we are mutually responsible for building a well-mannered society.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Celebrities, films and the type of books and articles often influence ........
(2) The ........, another institution, imparts manners.
(3) His ........ is an another domain that influences him for good or evil.
(4) The current generation has the most significant responsibility for modeling good manners and guiding the ........ generation.
(5) It is crucial for ........ to join hands and teach younger generations to be law-abiding, respectful, disciplined, charitable, helpful, merciful, and forgiving all the elders.

**(B) Answer each question in one sentence. (5 marks)**

(6) What are some institutions that play a role in imparting good manners to the younger generation?
(7) Who is responsible for imparting good manners to the younger generation?
(8) What are some positive values that individuals should model for others to follow?
(9) What does the author suggest the responsibility of the current generation in building a well-mannered society?
(10) What does the passage emphasize as the key to creating a well-mannered society?

**Answer Keys**

V. (A). 1. teenagers and young adults 2. work domain 3. job 4. next 5. the present generation

V. (B). 6. Some institutions that play a role in imparting good manners to the younger generation are family, school, and work.

7. The current generation as a whole is responsible for imparting good manners to the younger generation.

8. Some positive values that individuals should model for others to follow include honesty, respect, discipline, charity, and forgiveness.

9. The author suggests that the current generation has a responsibility to teach their juniors to be law-abiding, upright, honest, self-respecting, disciplined, punctual, charitable, helpful, merciful, and forgiving.

10. The passage emphasizes the need for a concerted effort from various institutions and individuals to promote positive values as the keys to creating a well-mannered society.

၆။ မေးခွန်းနံပါတ် (VI) ကတော့ ကိုယ်မမြင်ဖူးတဲ့စာပိုဒ်တစ်ပိုဒ်ကို ဖတ်နိုင်းပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို စာပိုဒ်ထဲမှာပါတဲ့ စကားလုံးတွေနဲ့တွဲပြပေးရမှာပါ။အပိုင်း (A)မှာ၅လုံးမေးပါတယ်။ ဖြေရမယ့်စာလုံးတွေကို ပေါ်လွင်အောင် စာလုံးအမဲ (Bold) လုပ်ပေးထားတဲ့ စကားလုံး ၆ လုံးနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်တူ စကားလုံး သို့မဟုတ် စကားစု ၅ ခုပေးထားလို့ စကားလုံး တစ်လုံး အပိုပါတာ သတိပြုရမယ်။ အပိုင်း (B) က စာပိုဒ်ကိုဖတ်ပြီး နားလည်နိုင်တဲ့စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ အားလုံးကိုခြုံပြီးမေးတဲ့မေးခွန်းမျိုးဖြစ်တယ်။ Give complete answer လို့ ပြောထားလို့ ပြည့်စုံအောင် ဖြေရမှာဖြစ်တယ်။

**VI. Read the passage.**

How many definitions of culture exist? Culture is a very difficult term to define. For some people it means literature, music and art. Others define it as **beliefs**, ways of behaving and the ideas of a particular group. Another **broader** definition says that it is all the knowledge and values of a society. Lord Raglan, a British soldier and **author** in the 20th century, once famously said, 'Culture is roughly everything we do and the monkeys don't! There are as many definitions of culture as there are different societies. Two kinds of culture: One useful starting point is the idea of two types of **culture**: culture with a capital C and culture with a small c. Culture with a capital C refers to music, literature and the visual arts. It also includes facts and statistics about a national group or society. A person is cultured if they know a lot about culture with a capital C. Many English-speaking countries now have citizenship tests for new immigrants. Examples might include Who wrote Hamlet? or Where does the Prime Minister of Canada live? Culture with a small c refers to beliefs, values, traditions and the everyday life of a particular **community**. Culture with a small c can be different from one part of a country to another. Travellers and people who do business with people from different places are often more interested in culture with a small c. Example questions could include What time do Americans finish work? or Do Germans shake hands or kiss when they meet each other? Culture gives a person a special **identity**. Culture gives a community or a country a different character. Whatever the definition, culture plays an important part in everybody's life.

**(A). Find the bold-faced words in the passage that are similar in meaning in the following. There is an extra. (5 marks)**

1. the feeling of being cestain that something exists or is true. (1) .............
2. describes someone who has had a good education and knows a lot about art, music, literature, etc. (2) .............
3. society (3) .............
4. character (4) .............
5. extending or wider (5) .............

**(B). Answer the following questions. Give complete answers. (10 marks)**

1. What are some ways people define culture?
2. How did Lord Raglan describe culture?
3. What is the difference between culture with a capital C and culture with a small c?
4. What might a citizenship test about culture with a capital C include?
5. Why is culture with a small c important for travelers and businesspeople?

**Answer Keys**

VI. (A). 1. beliefs 2. author 3. community 4. identity 5. broader

(B). 1. Some people define culture as literature, music, and art, while others view it as beliefs, behaviors, and ideas of a particular group. A broader definition includes all the knowledge and values of a society.

2. Lord Raglan said, "Culture is roughly everything we do and the monkeys don't!"

3. Culture with a capital C refers to things like music, literature, visual arts, and factual knowledge about a society, whereas culture with a small c refers to beliefs, values, traditions, and everyday life in a community.

4. It might include questions like "Who wrote Hamlet?" or "Where does the Prime Minister of Canada live?"

5. Culture with a small c is important because it includes everyday behaviors and customs, like how people greet each other or what time they finish work, which are relevant when interacting with people from different places.

၇။ မေးခွန်းနံပါတ် (VII) ကတော့ အပိုင်း (A) က Dialogue ကဏ္ဍမှာ Grade 10, 11, 12 ရဲ့ Listening ပိုင်းကို အခြေခံကာ ၅ ပုဒ်မေးနိုင်လို့ ၅ မှတ်ရရှိမှာဖြစ်တယ်။ ပေးထားတဲ့ Dialogue ထဲမှာ ပါတဲ့စာကြောင်းတွေရဲ့ အဓိပ္ပာယ်ကို ကောင်းကောင်းနားလည်မှ မှန်ကန်အောင် ဖြေဆိုနိုင်မှာဖြစ်တယ်။

**VII (A) Complete the dialogue with the expressions given in the box. There is an extra. (5 marks)**

| | | |
|---|---|---|
| In my opinion, | I think, | Here we go, |
| The theme was, | Correct. | Very good, |

Teache : Let's discuss yestesday's presentation, shall we?
Student A : ......... (1)........, about climate change, right?
Teache : ......... (2)........ And what did you all think about it?
Student B : ......... (3)........, It was very informative and eyeopening.
Teache : ......... (4)........ And do you think we covered everything important?
Student C : ......... (5)........ we did. But we could go into more details a bout solutions.
Teache : Great idea!

**Answer Keys**

VII. (A) 1. very good 2. Here we go 3. In my opinion 4. The theme was 5. I think

ဆက်လက်ဖော်ပြပါမည်။

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။



# မော်ဘီမြို့နယ်၌ စူဠဘွဲ့နှင်းသဘင် စာအောင်ဆုပေးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာအစိုးရ ဓမ္မာစရိယတန်း၊ နိကာယ်တန်း၊ ပထမပြန်တန်းနှင့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်ယဉ်ကျေးမှုစာမေးပွဲတို့ကို ဖြေဆိုအောင်မြင်ကြသော သံဃာတော် အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ လူပုဂ္ဂိုလ်များအား ဂုဏ်ပြုဆုနှင်းသဘင် အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက မော်ဘီမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာနမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ခြင်း၊ မင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့်တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော် ဖွင့်ဖြင့် သီကျူးပူဇော်ခြင်း၊ မော်ဘီမြို့နယ် သံဃနာယက ဩဝါဒါစရိယ ဘဒ္ဒန္တတေဇနိယ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ မော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းစိုးက သာသနာရေးဆိုင်ရာများလျှောက်ထားခြင်း၊ နိုင်ငံတော်ရွှေတံဆိပ်ဆုရတေးသံရှင် အိပိုးအိမ်က မင်္ဂလာရတုပိုဒ်ရွတ်ဆိုပူဇော်သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားတွင် သာသနဓဇဓမ္မာစရိယဘွဲ့ရ ၁၀ ပါး၊ ဝိနယဝိဒူဘွဲ့ရ ၄၈ ပါး၊ ဒီဃနိကာယဝိဒူဘွဲ့ရလေးပါး၊ မဇ္ဈိမနိကာယဝိဒူဘွဲ့ရ တစ်ပါး၊ သံယုတ္တနိကာယဝိဒူဘွဲ့ရ တစ်ပါး၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့ရ ၁၃ ပါး၊ အဘိဓမ္မာဝိဒူဃဘွဲ့ရ နှစ်ပါး၊ ပထမကြီးတန်းအောင်၊ ပထမလတ်တန်းအောင်၊ ပထမငယ်တန်းအောင်၊ အခြေပြုမူလတန်းအောင် စုစုပေါင်း ဆရာတော် သံဃာတော် ၄၁၆ ပါး၊ အဘိဓမ္မာရိုးရိုးအောင်မြင်သူ၅၄ဦး၊အဘိဓမ္မာဂုဏ်ထူးဆောင်အောင်မြင်သူ ခုနစ်ဦးနှင့် ဝိသုဒ္ဓိမဂ်အောင် ၃၅ ဦး၊ ယဉ်ကျေးမှုအောင် ၅၂၈ ဦး၊ သီလရှင်များအပြင်လူပိုင်းဆိုင်ရာ အဘိဓမ္မာစာမေးပွဲ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် အောင်မြင်သူများ၊ အဘိဓမ္မာရိုးရိုး၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်အောင်မြင်သူများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာဖြေဌာန အလိုက် အောင်မြင်သူများအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ ဆက်ကပ်ချီးမြှင့်သည်။

ကောင်းမြတ်သူ(မော်ဘီ)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်-၁၂၈ ဟုခေါ်တွင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁B၊ မြေကွက်အမှတ်- V ၃၂၃၊ ဧရိယာ (၀.၀၂၄) ဧက အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ မြေပိုင်ဆိုင်မှုအကျိုးခံစားခွင့်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁) ခန်းတည်း (၇) ထပ်တိုက်အဆောက်အဦမှ (၂၀ပေ x ၅၀ပေ) အကျယ်အဝန်းစီရှိ (မြေညီထပ် + ပထမထပ်) တိုက်ခန်း(၂)ခန်းတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်လှ (ခ) နူမာမက် [၁၂/ကတတ (နိုင်) ၀၀၉၃၉၁] က မူလအမည်ပေါက် ဒေါ်အိုင်ရှာဘီ [၁၂/မဂတ(နိုင်)၀၆၆၂၄၇] အမည်မှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်လှ (ခ) နူမာမက် အမည်သို့ အမည်ပေါက်ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အမည်ပေါက်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်လှ (ခ) နူမာမက် [၁၂/ကတတ (နိုင်)၀၀၉၃၉၁]၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၈၅၉၈၅၅၀၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၃၊ ဦးပိုင်အမှတ် (၈၅)၊ ၁၁၁(E)လမ်း၊ ၄၆x၄၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဌေး ၏(SP ရရှိသူ ဒေါ်ရန်ဆွေကျွမ်း(ခ) သက်သက်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၁၆/၂၀၂၄) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်စိုးစိုးစံ ၁၃/ကမန(နိုင်) ၁၅၆၂၂၂က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ်(၆၇၄၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၂၊ ဦးပိုင်အမှတ်(၇)၊ ၁၀၈x၁၀၉ကြား၊ ၅၃x၅၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ကြီး ညွန့်ရွှေ ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၆၉၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးရန်တယ်ရှိန်း ၁၃/ကခန (နိုင်)၁၁၀၂၈၃က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၇၄၃/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ဒါးရဲကောင်းကျေးရွာတွင်နေထိုင်သော ဒေါ်အမာတင် ၉/ မသန(နိုင်)၀၅၈၃၄၅၏သား မောင်အောင်ဇင်ဖြိုး(ခ)မောင်အောင်ကျော်ကျော် ၉/မသန(နိုင်)၁၆၆၈၃၉သည် မိခင်၏ဆိုဆုံးမ မှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ် လိုက်ပါကြောင်းနှင့်နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကိုလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင် ဒေါ်အမာတင် ဒါးရဲကောင်းကျေးရွာ၊ မြစ်သားမြို့နယ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁-၂၀၂၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာ(၂၂)၏ ကြော်ငြာစာတွင် အကွက်အမှတ်(၀.၁၀)၊ ဦးပိုင်အမှတ် (၇၉-က) အစား အကွက်အမှတ်(၀.၁၀)၊ ဦးပိုင်အမှတ် (၇၉-ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/3266 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ရွှေထွန်း KTO-121359က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး။**

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၁၁၆၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၁၆၂/ခ)၊ ယသဝတီ(၁၈)လမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးသိန်းလှ-AA-088273)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးသိန်းလှမြေကွက်အား ဦးခင်လှ၊ ဦးစောဟန်၊ ဒေါ်နှင်းနှင်းယု၊ ဒေါ်သန်းသန်းမြင့်တို့အား တရားပြိုင်ထား၍ တရားလိုဒေါ်အေးဆင့်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့်စွဲဆိုသော သင်္ဃန်းကျွန်းခရိုင် တရားရုံးတရားမကြီးမှုအမှတ်-၂၃၆/၂၀၂၃(၈-၂-၂၀၂၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၆၇/၂၀၂၄ (၆-၈-၂၀၂၄)၏အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်မေသူအောင် (၁၂/မဂတ(နိုင်)၁၀၇၃၅၁)မှ သင်္ဃန်းကျွန်းခရိုင် တရားရုံး၏ (၂၇-၈-၂၀၂၄)ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဝန်ဆောင်ခတို့တင်ပြ၍အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/1263 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် ၄၆၊ ဦးပိုင်အမှတ် ၁၅-က ခဲစင်း+၁၆ခဲစင်း/စစ်ကိုင်း-မန္တလေးလမ်း၊ မဟာစန္ဒာမုနိဘုရားအနောက်ဘက်ရှိ ဒေါ်နီလာဝင်း၊ ဦးတင်အောင်ကျော်၊ ဒေါ်သီတာဝင်းတို့ အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၉၇၉/၂၀၁၈)ဖြင့် ဦးဇော်မျိုးဦး၊ ဦးတင်အောင်ကျော်၊ ဒေါ်သီတာဝင်းတို့က အမွေဆက်ခံခဲ့ပြီး၊ ဦးဇော်မျိုးဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၉၈၀/၂၀၁၈)ဖြင့်ဦးတင်အောင်ကျော်၊ဒေါ်သီတာဝင်းတို့က ပိုင်ဆိုင်ခဲ့ပြီး ခင်ပွန်း ဦးတင်အောင်ကျော်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်သီတာဝင်း ၉/အမရ(နိုင်) ၀၁၅၂၄၀က ဂရန်စာချုပ် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/19978 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ပပအောင် ၇/ပခန(နိုင်) ၄၉၃၀၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/96265 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက် ၇/ကတခ(နိုင်) ၁၄၂၇၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/24366 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းဦး ၇/ရကန(နိုင်) ၀၄၃၀၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/60999 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းလွင် ၇/ပခန(နိုင်)၁၇၀၂၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/92360 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင်ဦး ၇/ကဝန(နိုင်) ၁၀၅၈၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/72570 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းမြတ် ၇/ဒဥန(နိုင်) ၁၀၅၄၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၅-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

